ဒို့တာဝန်အရေးသုံးပါး
◆ ပြည်ထောင်စုမပြိုကွဲရေး။
◆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
◆ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail: mwdpress@hotmail.co.uk

# မြဝတီ
နေ့စဉ်

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အနှစ်ရှိသော သူတော်ကောင်းတရားကို အနှစ်ရှိဟုသိ၏။ အနှစ်မရှိသောတရားကို အနှစ်မရှိဟုသိသည့် အယူမှန်ရှိကြသော သူတို့သည် သီလစသောဂုဏ်ကျေးဇူး အနှစ်ကို ရကြကုန်၏။ **ဓမ္မပဒ**

သတင်းထူးသတင်းဦး နေ့စဉ်ပြန့်ချီ မြဝတီ

the Myawady Daily

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ(၇)၊ အမှတ်(၃၀၃)

# MNA ၏ ရန်ကုန်-ဖူးခက်(ထိုင်း)-ရန်ကုန် ပဋ္ဌမခြောက်ခရီးစဉ်ပျံသန်းနိုင်ရန် ဆောင်ရွက်လျက်ရှိ



ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) သည် ပဋ္ဌမခြောက် ပြည်ပခရီးစဉ်သစ် ရန်ကုန်-ဖူးခက်(ထိုင်း)-ရန်ကုန် ခရီးစဉ်ကို မတ် ၂၅ ရက်တွင် စတင်ပျံသန်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၃ ရက်တွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းလိုင်းရုံး၌ ကျင်းပသော ခရီးစဉ်သစ်မိတ်ဆက်ပွဲမှသိရသည်။

"မြန်မာအမျိုးသားလေကြောင်းလိုင်းက အပြည်ပြည်ဆိုင်ရာ လေယာဉ်ပျံသန်းမှုစံနှုန်းတွေနဲ့အညီ ဝန်ဆောင်မှုပေးနေတာကြောင့် စီးနင်းလိုက်ပါတဲ့ခရီးသည်တွေအနေနဲ့ စိတ်အေးချမ်းသာစွာနဲ့ လိုရာခရီးကိုအမြန်ဆုံးရောက်အောင် ပို့ဆောင်ပေးမှာပါ" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်း CEO ကပ္ပတိန် ဦးသန်းထွန်းကပြောသည်။

အဆိုပါခရီးစဉ်အတွက် Embraer - 190 / ဘိုးရင်း 737-800 NG ကို အသုံးပြုပျံသန်းမည်ဖြစ်ပြီး လိုက်ပါစီးနင်းမည့်ခရီးသည်များအတွက် လေယာဉ်ပျံသန်းနေချိန်တွင် ဖျော်ဖြေမှုစနစ်ကိုထည့်သွင်းထားမည်ဖြစ်သည်။ ထို့ပြင် Business Class အတွက် ဖန်သားပြင်မှတစ်ဆင့် ရုပ်ရှင်၊ TV Show များကြည့်ရှုခြင်း၊ သီချင်းနားထောင်ခြင်း၊ ဖုန်း၊ Tablet၊ Computer များဖြင့် အင်တာနက်အခမဲ့အသုံးပြုနိုင်ခြင်းနှင့် Premium Economy Class များတွင်လည်း အခမဲ့ဝန်ဆောင်မှုရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ လေယာဉ်လက်မှတ်ခအနေဖြင့် အသွား၊ အပြန် အမေရိကန်ဒေါ်လာ ၂၅၀ ကျသင့်မည်ဖြစ်ပြီး Class သုံးမျိုးဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်-ဖူးခက်(ထိုင်း)-ရန်ကုန်ခရီးစဉ်အချိန်များအနေဖြင့်

**စာမျက်နှာ ၁၆ ကော်လံ ၄ ✦**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး များကျင်းပ

စာ - ၁၄ သို့

မန္တလေးတောင် ကေဘယ်လ်ကားစီမံကိန်း အတွက် လူမှုဘဝ ဆန်းစစ်ခြင်းလုပ်ငန်းများ ပြီးစီး

စာ - ၆ သို့

မွန်ပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ ဒေသတချို့ကို ကန့်သတ် ခရီးစဉ်နယ်မြေအဖြစ်မှ ဖြေလျှော့

စာ - ၆ သို့

| မြို့ | အနိမ့်ဆုံးအပူချိန် / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၁၈° C / | ၃၅° C |
| ရန်ကုန် | ၂၀° C / | ၃၆° C |
| မန္တလေး | ၁၈° C / | ၃၃° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အရေးကိစ္စ ကြိုးပမ်းဆောင်ရွက်မှုများကို လုံခြုံရေးကောင်စီ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြား

စာ - ၈ သို့



www.facebook.com/themyawadydaily



# ရန်ကုန်မြို့၌ ယာဉ်သွားမှုများသည့်အချိန်အလိုက် မီးပွိုင့်များကို ချိန်ညှိရန်စီစဉ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ရှိ မီးပွိုင့်များ၌ ယာဉ်သွားလာမှုများပြားသည့်အချိန်ကို ချိန်ညှိ၍ လမ်းကြောင်းရှင်းလင်းစေရေး ထိန်းချုပ်ရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်းထံမှ သိရသည်။

ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့ပေးရာ ရောက်စေရန် စီစဉ်ခြင်းဖြစ်ပြီး နံနက် ၅ နာရီမှ ည ၇ နာရီခွဲ၊ ည ၁၂ နာရီမှ နံနက် ၅ နာရီ၊ ည ၇ နာရီခွဲမှ ည ၁၂ နာရီ စသည်ဖြင့် အချိန်များပိုင်းခြား၍ မီးအစိမ်းပေးမှုကို ယာဉ်သွားလာမှုများပြားသော လမ်းကြောများနှင့် လမ်းဆုံမီးပွိုင့်များတွင် ဦးစားပေးလုပ်ဆောင်ရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းတံတား) နှင့် ပူးပေါင်းစီစဉ်ထားသည်။

ယခုကဲ့သို့ အချိန်များသတ်မှတ်၍ မီးအစိမ်းပေးမှုကို အဆိုပါမီးပွိုင့်များ၌ နံနက် ၅ နာရီမှ ည ၇ နာရီခွဲအတွင်း အနောက်မှအရှေ့သို့သွားသော လမ်းကြောအတွက် ၉၃ စက္ကန့်၊ အရှေ့မှအနောက်သို့သွားသော လမ်းကြောအတွက် ၂၃ စက္ကန့်၊ တောင်နှင့်မြောက် (တည့်) လမ်းကြောအတွက် ၂၈ စက္ကန့်၊ တောင်နှင့်မြောက် (ဘယ်ကွေ့) လမ်းကြောအတွက် ၁၃ စက္ကန့်ဖြင့် ချိန်ညှိနေပြီး ည ၁၂ နာရီမှ နံနက် ၅ နာရီအတွင်း အနောက်မှအရှေ့သို့သွားသော လမ်းကြောအတွက် ၈၃ စက္ကန့်၊ အရှေ့မှအနောက်သို့သွားသောလမ်းကြောအတွက် ၁၈ စက္ကန့်၊ ည ၇ နာရီခွဲမှ ည ၁၂ နာရီအတွင်း တောင်နှင့်မြောက်(တည့်) လမ်းကြောအတွက် ၂၃ စက္ကန့်၊ တောင်နှင့်မြောက် (ဘယ်ကွေ့) လမ်းကြောအတွက် ၁၀ စက္ကန့် စသည်ဖြင့်ချိန်ညှိနေကြောင်း သိရသည်။ **ထက်နိုင်(စမ်းချောင်း)**



# ရန်ကုန်မြို့ကို အစိမ်းရောင်မြို့ပြအဖြစ် ဖော်ဆောင်နိုင်ရေး အစားထိုးအိတ်များ အသုံးပြုရန်စီစဉ်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ကို သန့်ရှင်းသာယာပြီး အစိမ်းရောင်မြို့ပြအဖြစ် အကောင်အထည်ဖော်ဆောင်နိုင်ရေး ပလတ်စတစ်အိတ်များနေရာတွင် အစားထိုးအိတ်များအသုံးပြုရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်ဖြစ်သည်နှင့်အညီ အမှိုက်စွန့်ပစ်မှုများ စနစ်တကျရှိစေရေး၊ ပလတ်စတစ်အိတ်များအသုံးပြုမှုလျှော့ချရေးနှင့် သစ်ပင်ပန်းမန်တိုးချဲ့စိုက်ပျိုးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်အတွင်း အခြေခံအဆောက်အအုံများ တည်ဆောက်မှုများပြားလာသဖြင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များဖြစ်ပေါ်လာပြီး နေ့အပူချိန်မြင့်တက်လာမှုကို ခံစားနေရသည်။

ထို့ကြောင့် အဘက်ဘက်မှကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရမည်ဖြစ်ပြီး ရာသီဥတုအခြေအနေများကို အနှောင့်အယှက်ဖြစ်စေသည့်အပြင် လူသားများအတွက် အန္တရာယ်ဖြစ်စေသော ပလတ်စတစ်အိတ်အသုံးပြုမှုကိုပါ လျှော့ချနိုင်ရန်လိုအပ်လာပြီဖြစ်ကြောင်း သိရသည်။

အဓိကအားဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပလတ်စတစ်အိတ်အသုံးပြုမှုကြောင့်ဖြစ်ပေါ်လာနိုင်သည့်ဆိုးကျိုးများကို အများပြည်သူသိရှိနိုင်စေရန် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်မည်ဖြစ်ပြီး ပလတ်စတစ်အိတ်ထုတ်လုပ်မှုများလည်း လျှော့ချမည်ဖြစ်သည်။

ယင်းနေရာများတွင် ဆွေးမြည့်ပျက်စီးလွယ်သော အစားထိုးအိတ်များအသုံးပြုနိုင်ရန်စီစဉ်လျက်ရှိပြီး ပလတ်စတစ်အိတ်ထုတ်လုပ်သည့်လုပ်ငန်းများကိုလည်း အခွန်တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုး**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ



ထန်းတပင် ဖေဖော်ဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနကကြီးမှူး၍ ယနေ့မွန်းလွဲ ၂ နာရီတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ထို့နောက် ရန်ကုန်မြောက်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ထားထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ မြို့နယ်အတွင်းရှိ ဈေးဆိုင်များ၊ ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချလျက်ရှိသည့် စားသောက်ကုန်ပစ္စည်းများအား ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေးဥပဒေများအကြောင်း သိကောင်းစရာများ၊ စားသုံးသူ၏အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏အခွင့်အရေးနှင့် တာဝန်များ၊ စားသုံးရန်မသင့်သော အမှတ်တံဆိပ်များနှင့် ဓာတုပစ္စည်းများပါဝင်သော အစားအစာများ၊ အန္တရာယ်ပေးနိုင်သော လူ့အသုံးအဆောင်ပစ္စည်းများအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။

ယင်းနောက် စားသုံးသူရေးရာဦးစီးဌာန ထန်းတပင်မြို့နယ်တာဝန်ခံ လက်ထောက်ကြီးကြပ်ရေးမှူး ဦးဇော်မြင့်နှင့် ဝန်ထမ်းများက စားသုံးသူပြည်သူများ အန္တရာယ်ကင်းစေရန် တိုက်တွန်းထားသည့် အသိပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(မြန်/ဆက်)**

# ရန်ကုန်မြို့၌ လေထုညစ်ညမ်းမှုများနေပါက လျှော့ချနိုင်ရေးဆောင်ရွက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့၌ လေထုတိုင်းတာခြင်းကို နှစ်စဉ်တိုင်းတာလျက်ရှိရာ တစ်နှစ်နှင့်တစ်နှစ်ရရှိသည့်အဖြေများကို နှိုင်းယှဉ်ပြီး ရရှိသည့်အဖြေများသည် စံချိန်စံညွှန်းကိုက်ညီမှုမရှိဘဲ ကာဗွန်မိုနောက်ဆိုက်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်များနေပါက လျှော့ချရန်စီစဉ်နေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး ဒေါက်တာအောင်မြင့်မော်ထံမှ သိရသည်။

"ကျွန်တော်တို့ လေးကြိမ်တိုင်းတာပြီးမှ ပြန်ပြီးတော့ နှိုင်းယှဉ်မယ်။ အဲဒီအပြင် Who Guideline၊ အာဆီယံ Guideline၊ Emission Guideline ဆိုပြီး Guideline သုံးခုကိုနှိုင်းယှဉ်ပြီး လေထုညစ်ညမ်းမှုများနေရင် လျှော့ချမယ်" ဟု ဒေါက်တာအောင်မြင့်မော်က ပြောသည်။

လက်ရှိတွင် ရန်ကုန်မြို့တွင်း ၆၇ နေရာ ၌ လေထုတိုင်းတာခြင်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပထမအကြိမ်၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဒုတိယအကြိမ်တိုင်းတာခဲ့ပြီး ရရှိသည့်အဖြေများကိုလည်း နှိုင်းယှဉ်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လေထုတိုင်းတာခြင်းများကို ဆောင်ရွက်ပြီးသော်လည်း ရရှိသည့်လေထုတိုင်းတာသည့်အဖြေများကို တွက်ချက်နေဆဲဖြစ်၍ အဖြေများတွက်ချက်ပြီးပါက ရန်ကုန်မြို့၏လေထုတိုင်းတာသည့် အဖြေရလဒ်များကို ဆက်လက်ဖော်ပြကာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် လေထုကို ဆက်လက်တိုင်းတာမည်ဖြစ်သည်။

**ဆုလာဘ်**

# မော်တော်ယာဉ်နှင့်သက်ဆိုင်သူများ ပါဝင်ဆွေးနွေးမည့် မော်တော်ယာဉ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်တွင်းရှိမော်တော်ယာဉ်နှင့် သက်ဆိုင်သောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဗဟုသုတများရရှိစေရန် ရည်ရွယ်၍ Cars DB ကုမ္ပဏီမှ မော်တော်ယာဉ်ဆိုင်ရာဆွေးနွေးပွဲကို မေလတွင်ကျင်းပမည်ဖြစ်ကြောင်း Cars DB ကုမ္ပဏီ၏ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝေဖြိုးကျော်ထံမှ သိရသည်။

အဆိုပါပွဲတွင် ပြည်တွင်းမော်တော်ယာဉ်ထုတ်လုပ်သောကုမ္ပဏီများ၊ ပြည်ပမှ မော်တော်ယာဉ်တင်သွင်းရောင်းချနေသော ကုမ္ပဏီများ၊ မော်တော်ယာဉ်အရောင်းပြခန်းနှင့် အရောင်းစင်တာများရှိ တာဝန်ရှိသူများအနေဖြင့် ပြည်တွင်း၌ဖြစ်ပေါ်နေသော မော်တော်ယာဉ်နှင့်သက်ဆိုင်သည့်လုပ်ငန်းအခြေအနေ၊ အနာဂတ်တွင် ယင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်တွင်းရှိ မော်တော်ယာဉ်ဝယ်ရောင်းလုပ်ကိုင်သူများနှင့် မော်တော်ယာဉ်လုပ်ငန်းကို စိတ်ဝင်စားသူများစုပေါင်း၍ ပြည်တွင်း၌ မော်တော်ယာဉ်စီးနင်းနိုင်ရန်နှင့် မော်တော်ယာဉ်နှင့်သက်ဆိုင်သောတခြားကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ဆွေးနွေးမည်ဖြစ်သည်။

"ဒီပွဲကို မေလအတွင်းမှာတစ်ကြိမ်ကျင်းပပြီးရင် ဒီနှစ်အတွင်းမှာ နှစ်ကြိမ်ပြည့်အောင် ကျင်းပဖို့ရည်မှန်းထားပါတယ်။ တစ်ကြိမ်ကို အနည်းဆုံးလူဦးရေသုံးရာခန့် တက်မယ်လို့မှန်းထားပါတယ်။ ကားနဲ့ပတ်သက်ပြီး စိတ်ဝင်စားသူအားလုံး အခမဲ့ တက်ရောက်နိုင်ပါတယ်" ဟု ဦးဝေဖြိုးကျော်က ပြောသည်။

**သီရိ**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# ရှားတောမြို့၏ အထင်ကရရှေးဟောင်းစေတီတော်အချို့ ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းရန်လိုအပ်



ရှားတောမြို့ရှိ ဘီလူးမတောင်စေတီတော်ကို တွေ့ရစဉ်။

လွိုင်ကော် ဖေဖော်ဝါရီ ၁၄

ကယားပြည်နယ် ရှားတောမြို့၏ အထင်ကရရှေးဟောင်းစေတီတော်အချို့မှာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးအုပ်၍ ပျက်စီးယိုယွင်းနေပြီဖြစ်သဖြင့် သမိုင်းအမွေအနှစ်များ ဆုံးရှုံးပျောက်ကွယ်သွားမှုမဖြစ်ပေါ်စေရေး ရှေးမူမပျက်ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

ရှားတောမြို့၌ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က တည်ထားခဲ့သည့် စူဠာမဏိစေတီတော်၊ နှစ်ကျိပ်ရှစ်ဆူစေတီတော်၊ ဘီလူးမတောင်စေတီတော်၊ ဦးအောင်ဇေယျဆုတောင်းပြည့်စေတီတော်၊ မြို့ဦးစေတီတော်တို့တည်ရှိပြီး အဆိုပါစေတီတော်များအနက် နှစ်ကျိပ်ရှစ်ဆူစေတီတော်နှင့် ဘီလူးမတောင်စေတီတော်တို့မှာ ပျက်စီးယိုယွင်းလျက်ရှိသဖြင့် အချိန်မီပြုပြင်မွမ်းမံထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်လျက်ရှိသည်။

“စေတီတော်ကြီးတွေကို ထုထည်ကြီးမားတဲ့ အုတ်တံတိုင်းကြီးတွေနဲ့ တည်ဆောက်ထားပြီး စေတီတော်နဲ့ အုတ်တံတိုင်းတွေမှာ ခြူးပန်းခြူးနွယ်ကနုတ်လက်ရာတွေနဲ့ အနုစိတ်အလှဆင်ခြယ်မှုန်းထားတာ ကြည်ညိုဖွယ်ရာရှိလှပါတယ်။ ပျက်စီးယိုယွင်းစပြုနေပြီဖြစ်လို့ နောင်လာနောက်သားတွေ လေ့လာနိုင်အောင် သက်ဆိုင်ရာက အချိန်မီပြုပြင်မွမ်းမံထိန်းသိမ်းဖို့လိုအပ်နေပြီဖြစ်ပါတယ်”ဟု ရှားတောမြို့သို့ လေ့လာရေးခရီးလာရောက်ခဲ့သူတစ်ဦးက ပြောသည်။

ရှားတောမြို့ကို ဖရေရယ်ဟုခေါ်သည့် ကယားအမျိုးသားတစ်ဦးက စတင်တည်ထားခဲ့ကြောင်း၊ ရှေးအခါက ရှားတောမြို့တွင် နေထိုင်ကြသည့် ကယားလူမျိုးတို့သည် ရှားစေးချက်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်ကြကြောင်း၊ ထိုစဉ်က ရှမ်းပြည်နယ်မှ ရှမ်းလူမျိုးများလာရောက်နေထိုင်ကြပြီး ရှားစေးချက်လုပ်သည့်လုပ်ငန်းကို လုပ်ကိုင်ကြရာမှ ရွာကြီးတစ်ရွာဖြစ်လာခဲ့ကြောင်း၊ ၁၈၉၀ ပြည့်နှစ်က ပြုစုမှတ်တမ်းတင်ထားသောမှတ်တမ်းအရ လူဦးရေ ၂၀၀၀ ကျော်မျှနေထိုင်သော ရွာကြီးတစ်ရွာအဖြစ် တည်ရှိခဲ့ကြောင်း၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းရှိခဲ့ပြီး စေတီတော်များကို ကြွယ်ဝချမ်းသာသည့် ရှမ်းကုန်သည်ကြီးများက တည်ထားကိုးကွယ်ခဲ့ကြကြောင်း ရှားတောမြို့နယ်ဆိုင်ရာ မှတ်တမ်းများအရ သိရသည်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

## မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာအောင် လက်မှတ်ချီးမြှင့်

သီပေါ ဖေဖော်ဝါရီ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်လုံးဆိုင်ရာ (၃၇)ကြိမ်မြောက် ပရိယတ္တိစာမေးပွဲအောင်ပွဲမင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက မဟာမြတ်မုနိဘုရားကြီးရင်ပြင်တော်ပေါ်၌ ကျင်းပသည်။

ရှေးဦးစွာ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၏ ပဓာနနာယက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒအရှင်သူမြတ်ထံမှ ကိုးပါးသီလနှင့် အနုမောဒနာတရား နာယူတော်မူကြပြီး စာအောင်သံဃာတော်၊ ရှင်သာမဏေနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာလေးများအား မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သာသနာရေးမှူး ဦးစိုင်းထွန်းအေးနှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို တစ်ပါးချင်းဆက်ကပ်တော်မူကြသည်။

မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲတွင် ပထမငယ်တန်း ၁၂ ပါး၊ အခြေပြုမူလတန်း အပါး ၄၀၊ ပထမအဆင့် အပါး ၈၀ နှင့် မူလအဆင့် ၁၉၄ ပါးတို့ ဝင်ရောက်ဖြေဆိုတော်မူကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေနှင့် ကျေးလက်အိမ်ရာ တည်ဆောက်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်

မိုင်းဆတ် ဖေဖော်ဝါရီ ၁၄

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေနှင့် ကျေးလက်အိမ်ရာတည်ဆောက်ရေးရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျတီကျေးရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒါဝိဒ်နှင့် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဟန်စိုးဦးတို့က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စီမံကိန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအရ ထောက်ပံ့သည့် ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ကျေးလက်အိမ်ရာတည်ဆောက်ရေးအတွက် ထောက်ပံ့သည့် ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်ကြရာ စီမံကိန်းဆောင်ရွက်မည့် ကျတီကျေးရွာ၊ ကျေးလက်အိမ်ရာတည်ဆောက်မည့် တူးဒေါ်ကျေးရွာနှင့် ပူလူးကျေးရွာတို့မှ ကော်မတီဝင်များက လက်ခံရယူကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်(ငါန်းခွန်)**

## မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် မူလတန်းကြိုကျောင်းများ ကာယဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မြောင်းမြ ဖေဖော်ဝါရီ ၁၄

လူမှုဝန်ထမ်းဦးစီးဌာန မြောင်းမြခရိုင်လူမှုဝန်ထမ်းရုံးမှ ကြီးမှူး၍ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မူလတန်းကြိုကျောင်း၌ ယမန်နေ့ နံနက် ၉ နာရီက မြန်မာနိုင်ငံကလေးများနေ့အထိမ်းအမှတ် မူလတန်းကြိုကျောင်းများနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများမှ ကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနဦးစီးမှူး ဒေါ်နီနီဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မူကြိုအရွယ် ရင်သွေးငယ်လေးများ ဉာဏ်ရည်သွက်လက်ထက်မြက်စေရေး ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်လေးများက တစ်ဦးချင်း ကဗျာရွတ်ယှဉ်ပြိုင်ခြင်း၊ စုပေါင်းသီချင်းဆိုယှဉ်ပြိုင်ခြင်း၊ ကာယဉာဏစွမ်းရည်ပြိုင်ပွဲများယှဉ်ပြိုင်ခြင်း၊ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများယှဉ်ပြိုင်ခြင်းများကျင်းပကြပြီး တေးသရုပ်ဖော်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ မြောင်းမြခရိုင်အတွင်း လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများမှ ရင်သွေးငယ်လေးများက ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြောင်း သိရသည်။

**(၄၀၇)**

## နည်းပညာထုတ်ကုန်ပြပွဲအခမ်းအနားကျင်းပ



ထားဝယ် ဖေဖော်ဝါရီ ၁၄

နည်းပညာထုတ်ကုန်ပြပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကွန်ပျူတာတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ကွန်ပျူတာတက္ကသိုလ်တာဝန်ခံ ဒေါက်တာသိန်းနိုင်တို့က နည်းပညာထုတ်ကုန်ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်စိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကွန်ပျူတာတက္ကသိုလ်တာဝန်ခံနှင့် ဝန်ထမ်းများက ကွန်ပျူတာနှင့်သက်ဆိုင်သော Hardware၊ Software၊ IT Products များကို ကြည့်ရှုအားပေးသည်။

ပြပွဲတွင် ကွန်ပျူတာတက္ကသိုလ်(ထားဝယ်)၏ ဒုတိယနှစ်သင်တန်းမှ ပဉ္စမနှစ်သင်တန်းအထိ သင်တန်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများက Software Products ၁၁ ခု၊ Hardware Products ၁၁ ခုတို့ကို ပြသပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လတ်(ထားဝယ်)**

## နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ပွင့်ဖြူ ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ကြီးမှူး၍ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ပွင့်ဖြူမြို့နယ် ကျစ်ကိုင်းကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲတွင် ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ရာက ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်ကိုင်ဆောင်ခွင့်ရရှိရေး ကျေးရွာစာသင်ကျောင်းများအရောက် ကွင်းဆင်းဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း မိမိတို့ရရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မပျောက်ပျက်အောင် စနစ်တကျ ထိန်းသိမ်းကိုင်တွယ်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများကိုယ်စား အုတ်ဖိုကျေးရွာအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ရာနှင့်ဝန်ထမ်းများက အုတ်ဖို ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၁၄၆ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းထံ လွှဲပြောင်းပေးသည်။

အခမ်းအနားသို့ ပွင့်ဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ရာနှင့်ဝန်ထမ်းများ၊ အုတ်ဖိုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်စန်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

www.facebook.com/themyawadydaily

# နှစ်လဲမော်တော်ယာဉ်များကို စက်ကိရိယာဖြင့်စစ်ဆေးရေး Project ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အများပြည်သူသွားလာလျက်ရှိသည့်လမ်းများပေါ်၌ ယာဉ်များအန္တရာယ်ကင်းရှင်းစွာမောင်းနှင်နိုင်ရေး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးနှင့် မြန်မာနိုင်ငံ၌ စက်ကိရိယာများနှင့် စစ်ဆေးနိုင်စေရေးလုပ်ငန်းများဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့မှစ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(မြင်သာ)၌ နှစ်လဲယာဉ်စစ်ဆေးခြင်းလုပ်ငန်းကို ဂျပန်နိုင်ငံနည်းပညာ စက်ကိရိယာများဖြင့် စစ်ဆေးလျက်ရှိရာ ယာဉ်စစ်ဆေးရေးနည်းပညာများပြန့်ပွားရေးနှင့်ပတ်သက်၍ Myanmar Anzen Service Co., Ltd.(Machinery and Tools for Automotive Repair and Maintenance ) မှ ဥက္ကဋ္ဌ Tetsuya Tamaki နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**





**အခုလို JICA နဲ့ ပူးပေါင်းဖြစ်တဲ့ အကြောင်းတိုပြောပြပေးပါ။**

JICA ရဲ့ Project ထဲမှာ ကျွန်တော်တို့က ပုဂ္ဂလိကကုမ္ပဏီတစ်ခုရဲ့ လုပ်ငန်းရှင်အဖြစ်ပါဝင်တာပါ။ ကျွန်တော်တို့လုပ်ငန်းအနေနဲ့ မြန်မာနိုင်ငံမှာ အခုလို နှစ်လဲယာဉ်စစ်ဆေးခြင်းကိရိယာတွေတပ်ဆင်ပြီး လုပ်ဆောင်နိုင်အောင် အကြံပြုချက်တင်ခဲ့ပါတယ်။ အဲဒီအကြံပြုချက်ရဲ့ရလဒ်က အောင်မြင်တဲ့အတွက် အခုလို မြန်မာနိုင်ငံမှာ စက်ကိရိယာတွေ တပ်ဆင်ရတာဖြစ်ပါတယ်။

**လုပ်ငန်းတွေကို ဘယ်လိုလုပ်ဆောင်မယ်ဆိုတာ ပြောပြပေးပါ။**

မြန်မာနိုင်ငံမှာ အဓိကလုပ်ဆောင်ရမယ့်လုပ်ငန်းက Inspection လိုင်းနှစ်လိုင်းကို အသုံးပြုပြီး အစီးရေ ၇၀၀၀ စစ်ဆေးပေးမယ်။ ပြီးရင် ရလဒ်တွေကိုခွဲခြမ်းစိတ်ဖြာပြီး နောက်ဆုံးရလဒ်အထိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက JICA နဲ့ ပူးပေါင်းလုပ်ဆောင်မှာပါ။

**ဂျပန်နိုင်ငံစက်ပစ္စည်းတွေနဲ့ မော်တော်ယာဉ်တွေကို စစ်ဆေးပေးတဲ့အခါ ရလဒ်ကောင်းတွေထွက်လာဖို့ ဘယ်လိုအားသာချက်တွေရှိနိုင်လဲ။**

ဂျပန်နိုင်ငံမှာတော့ စက်ပစ္စည်းအရည်အသွေးကောင်းတယ်။ သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းကိုမီတဲ့ စက်ကိရိယာမှန်သမျှကို ကိရိယာတီထွင်တဲ့ဌာနက ထပ်ပြီးတော့ စံချိန်စံညွှန်း ကိုက်၊ မကိုက် စစ်ဆေးတယ်။ ယာဉ်တွေကို စစ်ဆေးလို့ရတယ်ဆိုတာ အသိအမှတ်ပြုပြီးမှ ဒီစက်ကိုတီထွင်တာပါ။ ဒီလိုတီထွင်ပြီးမှ ဈေးကွက်ကိုထိုးဖောက်တာပါ။ ဂျပန်နိုင်ငံမှာတော့ အစိုးရက စက်ပစ္စည်းတွေကို မှန်ကန်မှုရှိ၊ မရှိ တစ်နှစ်တစ်ခါ စစ်ဆေးပေးပါတယ်။ အခု မြန်မာနိုင်ငံမှာ စစ်ဆေးဖို့ လာရောက်တပ်ဆင်ထားတဲ့စက်တွေက စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့စက်တွေဖြစ်ပါတယ်။ အခုလို စက်တွေတပ်ဆင်စစ်ဆေးတာကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ မော်တော်ယာဉ်အန္တရာယ်တွေနဲ့ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေကို ကာကွယ်ပေးပြီးသားဖြစ်ပါတယ်။ နောက်ပြီး စက်တွေကို ပုံမှန်စစ်ဆေးတာတွေပြုလုပ်ပြီးတော့ နှစ်ရှည်ခံအောင်လည်း စီမံကိန်းတွေ ရေးဆွဲထားပါတယ်။

**ဂျပန်နိုင်ငံက နှစ်လဲယာဉ်စစ်ဆေးခြင်းစက်ကို အသုံးပြုနိုင်ဖို့ မြန်မာနိုင်ငံက အင်ဂျင်နီယာတွေကို Training ပေးတာတွေရှိလား။**

ကျွန်တော်တို့ Training ပေးတဲ့အပိုင်းမှာ ပထမဆုံး စာနဲ့အရင်သင်ကြားပို့ချပါတယ်။ စာတွေ့အရ သဘောတရားကို နားလည်ကျွမ်းကျင်ပြီဆိုမှ လက်တွေ့စစ်ဆေးတဲ့ လုပ်ငန်းတွေကိုသင်ကြားပေးပါတယ်။

**စက်တွေစစ်ဆေးဖို့ ဂျပန်နိုင်ငံဘက်က ဘယ်လောက်ပါဝင်ပြီး မြန်မာနိုင်ငံက ဝန်ထမ်းအင်အားဘယ်လောက်နဲ့ ဆောင်ရွက်မှာလဲ။**

လောလောဆယ် သင်တန်းပေးခဲ့တာတော့ မြန်မာစက်မှုကျွမ်းကျင် ၁၂ ဦးပါ။ Training ကို လက်တွေ့ပြတဲ့အခါမှာတော့ မြန်မာနိုင်ငံဘက်က ကျွန်တော်တို့နဲ့ ခြောက်လတိတိ ပူးတွဲဆောင်ရွက်ပေးမယ့် စက်မှုဝန်ထမ်းက ခြောက်ဦးပါ။ လက်ရှိ Project က မြန်မာနိုင်ငံဘက်က အဓိကလုပ်ဆောင်ရမှာပါ။ ဂျပန်နိုင်ငံက နည်းပညာပဲ ဖြန့်ဝေပေးတာပါ။ Training ကောင်းကောင်းပေးပြီး မြန်မာနိုင်ငံဘက်က တကယ်လုပ်ကိုင်နိုင်ပြီဆိုတော့မှ လွှဲပြောင်းပေးထားခဲ့မှာပါ။

**နောက်ထပ် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ဆောင်ရွက်ဖို့ရှိလား။**

လောလောဆယ်တော့ မရှိသေးပါဘူး။ ဒီသရုပ်ပြလုပ်ငန်း ပြီးသွားပေမယ့်လည်း ကျွန်တော်တို့ဘက်က ဆက်လုပ်ခွင့်မရှိသေးပါဘူး။ Project ပြီးစီးသွားမှ ကျွန်တော်တို့အနေနဲ့ လုပ်ကိုင်ဖို့ ထပ်မံတင်သွင်းခွင့်ရှိမှာဖြစ်ပါတယ်။

**အခုဆောင်ရွက်မယ့် စက်ပစ္စည်းနဲ့ အဆောက်အအုံက ဘယ်ကုမ္ပဏီက ပံ့ပိုးထားတာလဲ။**

JICA က ပံ့ပိုးကူညီပေးထားတဲ့ Vehicle Inspection Test Lane နှစ်စုံ တပ်ဆင်ထားတဲ့အဆောက်အအုံကို Omori Shokia ကုမ္ပဏီက လျှာခါန်းငွေကျပ် ၁၂၀၁၅၂၆၉၅ ကျပ်အကုန်အကျခံပြီး ဆောက်လုပ်ခဲ့တာပါ။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ ပြီးစီးခဲ့တာဖြစ်ပါတယ်။

**တစ်နေ့ကို ယာဉ်အစီးရေ ဘယ်လောက်အထိစစ်ဆေးမှာလဲ။ ဒီ Project က သက်တမ်း ဘယ်အချိန်ထိလဲ။**

အခု Project ကတော့ ၂၀၁၉ ခုနှစ် မတ်လမှာပြီးစီးမှာပါ။ Project ကာလအတွင်းမှာ မော်တော်ယာဉ်တွေကြံ့ခိုင်မှုရှိ၊ မရှိကို စစ်ဆေးဖို့ Vehicle Inspection Test Lane နှစ်စုံမှာ တစ်ရက်ကို ယာဉ်အစီးရေ ၄၀ လောက်စစ်ဆေးမှာပါ။

**ကျော်ကို**

# ယခုဘဏ္ဍာနှစ်အတွင်း မြန်မာ့ဆန်နှင့်ဆန်ကွဲ ပြည်ပ ၆၂ နိုင်ငံအထိ တင်ပို့နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ယခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲများကို ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိရာ နိုင်ငံပေါင်း ၆၂ နိုင်ငံအထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"အရင်ဘဏ္ဍာနှစ်ထဲမှာတော့ နိုင်ငံ ၄၀ အထိပဲ တင်ပို့နိုင်ခဲ့တယ်။ အခုဘဏ္ဍာနှစ်မှာ ၆၂ နိုင်ငံအထိ တင်ပို့နိုင်တာကြောင့် ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ခဲ့တာဖြစ်ပါတယ်။ အရင်နှစ်တွေထက်စာရင် ဈေးကွက်အသစ်တွေကို ရှာဖွေနိုင်လို့ အခုလိုတိုးတက်မှုတွေ ရရှိခဲ့တာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ယခုဘဏ္ဍာနှစ်အတွင်း အများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အနောက်အာဖရိက နိုင်ငံများဖြစ်သော အိုင်ဗရီကို့စ်၊ ဘယ်လ်ဂျီယံ၊ ဂါနာ၊ မက်ဒါဂါစကာ၊ သီရိလင်္ကာ၊ အာဖဂန်နစ္စတန်၊ ဆီနီဂေါနှင့်ပိုလန် စသည့်နိုင်ငံတို့ဖြစ်သည်။ ထိုသို့တင်ပို့နိုင်ခြင်းကြောင့် ယခင်ဘဏ္ဍာနှစ်ထက် ၂၂ နိုင်ငံသို့ ပိုမိုဈေးကွက်ထိုးဖောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ယခင်က မြန်မာနိုင်ငံရှိ ဆန်နှင့်ဆန်ကွဲများကို ပြည်ပသို့တင်ပို့ရာတွင် တင်ပို့မှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို တရုတ်နိုင်ငံသို့တင်ပို့နိုင်ခဲ့သော်လည်း ယခုနောက်ပိုင်းတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများအပြင် ဈေးကွက်သစ်များတိုးချဲ့ရှာဖွေကာ ပင်လယ်ရေကြောင်းမှတစ်ဆင့် တိုးချဲ့တင်ပို့မှုများလည်းရှိကြောင်း သိရသည်။

ယခင် ဘဏ္ဍာနှစ်က ဆန်နှင့်ဆန်ကွဲ ၁၇၅၀၅၆၂ တန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၅၄ သန်းဖိုး တင်ပို့နိုင်ခဲ့သော်လည်း ယခုဘဏ္ဍာနှစ်အတွင်း ဖေဖော်ဝါရီ ပထမ ၁၀ ရက်ခန့်ကာလအထိ ဆန်နှင့်ဆန်ကွဲ ၃၀၂၆၇၈၆ တန် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၄၈ သန်းဖိုး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ထက်နိုင်(စမ်းချောင်း)**

# စပျစ်သီးအထွက်နှုန်းကျသော်လည်း ရန်ကုန်ဝယ်လက်နည်း၍ ယမန်နှစ်ကထက် ဈေးနှုန်းကျဆင်း

မန္တလေး ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး၌ ပြီးခဲ့သည့်ဒီဇင်ဘာလအတွင်းက မိုးရွာသွန်းမှုကြောင့် စပျစ်သီးအထွက်နှုန်းကျပြီး ရန်ကုန်ဝယ်လက်နည်းပါးသဖြင့် ယမန်နှစ်ကထက် ဈေးနှုန်းကျဆင်းနေကြောင်း မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းတိုက်နယ် သဲကျွန်းအုပ်စု ဆည်ထိပ်ရွာရှိ စပျစ်သီးစိုက်ပျိုးသူ ဦးညိုကြီးထံမှ သိရသည်။

"ရာသီဥတုက မိုးများထားတော့ အပျက်အစီးများပြီး အထွက်နှုန်းနည်းတယ်။ ဈေးကလည်း မနှစ်ကထက် ကျဆင်းနေတယ်။ ဈေးနှုန်းတွေကျတာက ရန်ကုန်ကဝယ်လက်နည်းနေလို့ပါ"ဟု ဦးညိုကြီးကပြောသည်။

လက်ရှိတွင် မကွေး၊ လားရှိုး စသည့်နယ်မြို့များမှ ဝယ်ယူမှုများရှိနေပြီး ပိုင်စပျစ်ဈေးနှုန်းမှာ ပုံမှန်အတိုင်းသာရှိကြောင်း သိရသည်။



မြန်မာနိုင်ငံရှိ စပျစ်သီးဈေးကွက်တွင် ပြည်တွင်းစပျစ်သီးနှင့် တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ တင်သွင်းသည့် စပျစ်သီးဟူ၍ရှိပြီး မြန်မာနိုင်ငံ၌ အများဆုံးစိုက်ပျိုးသော စပျစ်သီးမျိုးများတွင် နံပါတ်-၃ ၄၀ ရာခိုင်နှုန်း၊ Black Queen ၄၀ ရာခိုင်နှုန်း၊ Big Black၊ ရွှေနီ၊ ကာဒီနန်နှင့် တခြား စပျစ် ၂၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးကြကာ လက်ရှိတွင် စပျစ်စိုက်ဧက ၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

**နေနေ**

www.facebook.com/themyawadydaily

## လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းခွင်ဝင်သင်တန်းဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မြောက်လွတ်ကုန်းကျေးရွာ သင်တန်းခန်းမ၌ လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၂/၂၀၁၈)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူများကို လူထုစစ်ဆေးပွဲ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုပညာရပ်၊ ဝေဖန်အကြံပြုချက်ဖြေရှင်းရေးလုပ်ငန်း၊ ကျား/မရေးရာကဏ္ဍစသည့် ဘာသာရပ်များကို သင်တန်းကာလလေးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ လူထုဗဟိုပြုစီမံကိန်းမြို့နယ်သစ် ကိုးမြို့နယ်မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများနှင့် နည်းပညာအကြံပေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြကြောင်း သိရသည်။ (၄၁၃)

## ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စာစစ်ဌာန ၂၀၇ ခုဖွင့်လှစ်ကာ ကျင်းပသွားမည်



မုံရွာ ဖေဖော်ဝါရီ ၁၄

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်ကိုးခရိုင်ရှိ မြို့နယ် ၃၇ မြို့နယ်တွင် စာစစ်ဌာန ၂၀၇ ခုဖွင့်လှစ်ကာ ကျင်းပသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးပညာရေးမှူးရုံးမှ သိရသည်။

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင်ကိုးခရိုင်ရှိ မြို့နယ် ၃၇ မြို့နယ်၌ စာစစ်ဌာန ၁၉၁ ခုဖွင့်လှစ်ကျင်းပခဲ့ပြီး ယခုနှစ်တွင် စာစစ်ဌာန ၁၆ ခု တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် စာစစ်ဌာန ၁၈ ခုဖြင့်လည်းကောင်း၊ ကလေးခရိုင်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တွင် စာစစ်ဌာန ၂၆ ခုဖြင့်လည်းကောင်း၊ တမူးခရိုင် တမူးမြို့နယ်တွင် စာစစ်ဌာနလေးခုဖြင့်လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တွင် စာစစ်ဌာန ၅၀ ခုဖြင့်လည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် စာစစ်ဌာန ၂၇ ခုဖြင့်လည်းကောင်း၊ ယင်းမာပင်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တွင် စာစစ်ဌာန ၂၅ ခုဖြင့်လည်းကောင်း၊ ကသာခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တွင် စာစစ်ဌာန ၂၉ ခုဖြင့်လည်းကောင်း၊ ဖော်လိုက်ခရိုင်အတွင်းရှိ မြို့နယ် နှစ်မြို့နယ်တွင် စာစစ်ဌာန ၁၂ ခုဖြင့်လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တွင် စာစစ်ဌာန ၁၆ ခုဖြင့်လည်းကောင်း စုစုပေါင်း စာစစ်ဌာန ၂၀၇ ခုဖြင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၉၅၉၂ ဦးတို့က တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းထားကြောင်း သိရသည်။ (မြ၁၁)

## သဇင်(FM)အသံလွှင့်အစီအစဉ်

**၁၅-၂-၂၀၁၈(ကြာသပတေးနေ့)**

၁။ ၀၈း၀၀ Cute babies World
၂။ ၁၂း၁၅ Thazin Request Songs
၃။ ၁၄း၃၀ Our Travelling
၄။ ၁၅း၀၀ ဘဝရဲ့အပိုင်းအစများ
၅။ ၁၅း၃၀ Music Quiz
၆။ ၁၆း၃၀ International Celebrity Life
၇။ ၁၇း၀၀ Let's Play
၈။ ၁၇း၂၀ Online Request Songs
၉။ ၁၉း၃၀ First Step Song

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ပြန်လည်ထုတ်ချေးပေး

ကနီ ဖေဖော်ဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာ၌ ယမန်နေ့က မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ပြန်လည်ထုတ်ချေးပေးကြောင်းသိရသည်။

ထိုသို့ထုတ်ချေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ပူးပေါင်းကာ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှုကြောင့် တဇယ်ချောင်ကျေးရွာတွင်ရရှိသည့်အကျိုးအမြတ်မှာ သိန်း ၂၀၀ ခန့်ရှိပြီဖြစ်ကြောင်း၊ ကျေးရွာလုပ်ငန်းများအရှိန်မပြတ်ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် စတုတ္ထအကြိမ်အဖြစ် အသင်းဝင် ၁၅၄ ဦးတို့အား ငွေကျပ်သိန်း ၄၀၀ ကို ကော်မတီသို့ပေးအပ်ခဲ့ပြီး တစ်ဦးချင်းချေးငွေများကိုလည်း အသင်းသားများလက်ဝယ်အရောက် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းပြောကြားသည်။

တဇယ်ချောင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦး၊ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးနှင့်အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်းအသင်းဝင် ၁၅၄ ဦးရှိကြောင်းသိရသည်။ **သန်းဌေးအောင်(ကနီ)**

## ပျော်ဘွယ်မြို့နယ် ဖွဲသင်းကျေးရွာနှင့် ထိန်အင်းကျေးရွာတို့၌ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်လျက်ရှိ

ပျော်ဘွယ် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ကျေးရွာနေပြည်သူများ ကျန်းမာသန့်ရှင်းရေးနှင့် သဘာဝပတ်ဝန်းကျင် သာယာလှပရေးတို့အတွက် စီမံချက်များချမှတ်ရေးဆွဲပြီး ကျေးရွာမှ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရေးနှင့် လယ်ယာမြေများတွင် သဘာဝမြေသြဇာအဖြစ် ပြန်လည်အသုံးချနိုင်ရေးအတွက် ယမန်နေ့က ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ ဦးစီးအရာရှိ ဒေါ်စုစုနှင့် ဝန်ထမ်းများသည် ဖွဲသင်းကျေးရွာနှင့် ထိန်အင်းကျေးရွာသို့သွားရောက်ပြီး အဆိုပါကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ဒေသခံပြည်သူများ တွေ့ဆုံကြသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာလူထု၏ကျန်းမာရေးသည် အဓိကအရေးကြီးကြောင်း၊ ကျန်းမာရေးနှင့်အတူဆက်စပ်နေသည့် ကျေးရွာသန့်ရှင်းသာယာလှပရေးသည်လည်း အလွန်အရေးကြီးကြောင်း၊ ကျေးရွာသန့်ရှင်းသာယာလှပရေးအတွက် မိမိတို့ကျေးရွာမှ ထွက်ရှိသည့် စွန့်ပစ်အမှိုက်များကို သတ်မှတ်ပေးထားသည့်နေရာတွင် စနစ်တကျစွန့်ပစ်ရန်လိုအပ်ကြောင်း၊ စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းကြောင့် ကျန်းမာရေးတွင်လည်း အကျိုးဖြစ်ထွန်းနိုင်သလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွင်လည်း ထိရောက်မှုရှိပါကြောင်းအသိပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များသည် ဖွဲသင်းကျေးရွာနှင့် ထိန်အင်းကျေးရွာတို့မှ တာဝန်ရှိသူများနှင့်အတူ ကျေးရွာမှ ထွက်ရှိသောစွန့်ပစ်အမှိုက်များထားရှိမည့် အမှိုက်ကျင်းနေရာကို ရွေးချယ်သတ်မှတ်ကြကြောင်းသိရသည်။ **မောင်ကို(သာစည်)**

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် လက်ပံရှည်ကျေးရွာအုပ်စု လက်ပံရှည်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့်စားနပ်ရိက္ခာဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့(LIFT-FUND) တို့ပူးပေါင်း၍ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်ခုနစ်ဦးဖြင့် ဖွဲ့စည်းထားပြီး စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်းအား ရွာတွင်းကျောက်ချောလမ်းခင်းခြင်းဆောင်ရွက်မည်ဖြစ်ရာ မတ်လကုန်တွင် လုပ်ငန်းအားလုံး ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်သည်။

ရွာတွင်းကျောက်ချောလမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၃၀၊ လူဦးရေ ၁၄၃၅ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသထွက်ကုန်များလွယ်ကူစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှ ဝန်ထမ်းများနှင့် မိတ်ဘက်ဌာနဝန်ထမ်းများတက်

## တောင်သူပညာပေး ဆွေးနွေးပွဲကျင်းပ

ပုလဲ ဖေဖော်ဝါရီ ၁၄

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိလာစေရေးအတွက် တောင်သူပညာပေးဟောပြောပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကုက္ကိုစုကျေးရွာ မြတ်စေတနာဓမ္မာရုံ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်က တောင်သူပညာပေးဟောပြောပွဲ ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက မြို့နယ်အတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို လည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်နှင့် လက်ထောက်ဦးစီးမှူး ဒေါ်နှင်းဆီတို့က စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများရရှိလာစေရေး ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ နှမ်းစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အပင်အာဟာရကောင်းမွန်မှုမှသည် အရည်အသွေးပြည့်မီသောသီးနှံများ ထွက်ရှိနိုင်စေရေးအတွက် စီမံခန့်ခွဲဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်က ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်အတွင်း စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ထုတ်ဝေသည့်တောင်သူပညာပေးပိုစတာ စာစောင် ၂၈ မျိုးကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်သိန်းစိုးက သုတရသစာအုပ်မျိုးစုံ ၁၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မြင့်က လက်ခံရယူကြောင်း သိရသည်။

**မင်းခန့်စိုး(ဓေယျာမြေ)**

www.facebook.com/themyawadydaily



# မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အရေးကိစ္စကြိုးပမ်းဆောင်ရွက်မှုများကို လုံခြုံရေးကောင်စီ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်က ရှင်းလင်းပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်သည့် ရှင်းလင်းပြောကြားပွဲတစ်ရပ်ကို ၁၃-၂-၂၀၁၈ ရက်တွင် နယူးယောက်မြို့ရှိ ယင်း၏အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါရှင်းလင်းပွဲ၌ မြန်မာအမြဲတမ်းကိုယ်စားလှယ်သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အစိုးရမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသော တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေး၊ မောင်တောဒေသတွင် နေရပ်မှစွန့်ခွာခဲ့သူများအား ပြန်လည်လက်ခံရေးအတွက် ပြင်ဆင်ထားရှိမှုများနှင့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။ အမြဲတမ်းကိုယ်စားလှယ်၏ မိန့်ခွန်းပါအဓိက အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- မြန်မာနိုင်ငံအနေဖြင့် လက်ရှိကြုံတွေ့နေရသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြဿနာများကို လျော့ပါးစေရေးနှင့်ရခိုင်ပြည်နယ်အရေးကိစ္စအတွက် ရေရှည်တည်တံ့သည့်အဖြေရရှိရေး ရည်မှန်းချက်သို့ရောက်ရှိရန် ကုလသမဂ္ဂနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊
- မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အနေဖြင့် နေရပ်စွန့်ခွာသူများနေရပ်သို့ပြန်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် တိုးတက်မှုများ သိသာထင်ရှားစွာရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် UNHCR ၏ ပံ့ပိုးဆောင်ရွက်မှုအား လိုအပ်လာသည့်အချိန်တွင် ရယူသွားမည်ဖြစ်ကြောင်း၊
- မြန်မာဘက်အနေဖြင့် ပြန်လည်ဝင်ရောက်မည့် စိစစ်အတည်ပြုပြီးသူများအတွက် ပြန်လည်နေရာချထားရေးအစီအစဉ်၊ အသက်မွေးဝမ်းကျောင်းမှုအကူအညီပံ့ပိုးပေးခြင်း၊ အခြေခံဝန်ဆောင်မှုများရရှိနိုင်မှုနှင့် လုံခြုံရေးအတွက် အစီအမံတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဘင်္ဂလားဒေ့ရှ်ဘက်သို့ ပေးပို့ပေးခဲ့ပြီးဖြစ်ကြောင်း၊
- မြန်မာဘက်အနေဖြင့် ပထမအသုတ် နေရပ်ပြန်လာသူများအားလက်ခံရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ နေရပ်စွန့်ခွာသူများ ဆန္ဒအလျောက် ဘေးကင်းသိက္ခာရှိစွာ ပြန်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်ဘက်နှင့် နီးကပ်စွာညှိနှိုင်းပူးပေါင်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- မကြာသေးမီကာလများတွင် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့အပါအဝင် သံတမန်အဖွဲ့နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ပြန်လည်လက်ခံရေးဆောင်ရွက်နေမှုများနှင့် မြေပြင်အခြေအနေကိုလေ့လာနိုင်ရန် မောင်တောဒေသသို့ သွားရောက်ခွင့်ပြုခဲ့ကြောင်း၊ အစိုးရအနေဖြင့်လည်း ယခုဖေဖော်ဝါရီလအတွင်းမှာ မြန်မာနိုင်ငံအခြေစိုက် သံတမန်အဖွဲ့နှင့် ကုလသမဂ္ဂအေဂျင်စီများကို အဖွဲ့(၃)ဖွဲ့ခွဲလျက် ရခိုင်ပြည်နယ်သို့ နေ့ချင်းပြန်ခရီးစဉ်များ စီစဉ်ပေးခဲ့ကြောင်း၊
- ပြန်လည်လက်ခံရေးလုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်နိမိတ်ရှိ Zero Line ပေါ်တွင်ရောက်ရှိနေကြသူများ အရေးကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်သွားရေးတို့အတွက် ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီးနှင့် ဆွေးနွေးညှိနှိုင်းရန် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဘင်္ဂလားဒေ့ရှ်သို့ ၁၅-၂-၂၀၁၈ ရက်တွင် သွားရောက်မည်ဖြစ်ကြောင်း၊
- အစိုးရအနေဖြင့် မိမိ၏ပြည်သူများကို အကာအကွယ်ပေးရန်မှာ အဓိကတာဝန်ဖြစ်ပါကြောင်း၊ ထိခိုက်ခံရသည့်ဒေသများတွင် အခြေအနေများပုံမှန်ပြန်လည်ရောက်ရှိလာပြီဖြစ်ရာတွင် မောင်တောခရိုင်အတွင်း နယ်မြေအားလုံးနီးပါးတွင် ရဲတပ်ဖွဲ့မှ လုံခြုံရေးတာဝန်ကို ကျယ်ကျယ်ပြန့်ပြန့်တာဝန်ယူထားပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ခြောက်လအတွင်း အကြမ်းဖက်သမားများနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ကြီးကြီးမားမားဖြစ်ပွားခြင်းမရှိခဲ့သော်လည်း အပြစ်မဲ့ပြည်သူများအကြား ဝင်ရောက်ခိုလှုံနေသည့် ARSA အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှုမှာ အမြဲရှိနေကြောင်း၊ ARSA အကြမ်းဖက်အဖွဲ့သည် ဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးကိုလျော့ပါးစေရန် အခွင့်အရေးရလျှင်ရသကဲ့သို့ လုပ်ဆောင်နေမည်ဖြစ်ကြောင်း၊ ရခိုင်ဒေသတွင်း အခြားသောအသိုက်အဝန်းများနှင့် ငြိမ်းချမ်းစွာသဟဇာတဖြစ်ဖြစ်နေထိုင်လိုသည့် အပြစ်မဲ့ပြည်သူများကို ခြိမ်းခြောက်သတ်ဖြတ်ရန် လူမဆန်သောနည်းလမ်းများကို အသုံးပြုရန်အတွက် ၎င်းတို့အနေဖြင့် နှောင့်နှေးမည်မဟုတ်ကြောင်း၊ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းမှ စခန်းခေါင်းဆောင် (၂)ဦး အသတ်ခံရမှုသတင်းသည် မိမိနေထိုင်ရာရွာများသို့ ပြန်လိုသည့်သူများအား အသိပေးခြိမ်းခြောက်မှုတစ်ရပ်ပင်ဖြစ်ကြောင်း၊
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်စပ်လျဉ်းပြီး အစိုးရနှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း (UEHRD)တို့မှ ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများနှင့် စီးပွားရေးလုပ်ငန်းများ ဖန်တီးတည်ဆောက်ပေးခြင်းသာမက ရခိုင်ပြည်နယ်ရှိ အသိုက်အဝန်းအားလုံးအတွက် အစားအစာနှင့် အိမ်ထောင်စုလိုအပ်ချက်များကိုလည်း ပံ့ပိုးပေးလျက်ရှိကြောင်း၊
- ကြက်ခြေနီလှုပ်ရှားမှုနှင့် အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးဗဟိုဌာနတို့မှလည်း ထိခိုက်ခံဒေသများတွင် အရေးပေါ်လိုအပ်လျက်ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများအတွက် ဝန်ဆောင်မှုများပံ့ပိုးပေးရာ၌ အစိုးရဦးဆောင်သည့်ယန္တရားတွင် တက်ကြွစွာပါဝင်လျက်ရှိကြောင်း၊
- ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီသို့ ပြင်ပအမြင်များနှင့် အကြံပြုချက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai ဦးဆောင်သည့် အကြံပေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း၊
- လူ့အခွင့်အရေးချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့်ပတ်သက်ပြီး မြန်မာအစိုးရအနေဖြင့် အကြမ်းဖက်သောလုပ်ရပ်မှန်သမျှကို ခွင့်လွှတ်မည်မဟုတ်ဟု အတိအလင်းပြောကြားပြီးဖြစ်ကြောင်း၊ ခိုင်လုံသောအထောက်အထားရှိပါက ပြစ်မှုကျူးလွန်သည့်မည်သူကိုမဆို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- ရိုက်တာသတင်းဌာနက ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင်ဖော်ပြခဲ့သည့် မောင်တောခရိုင်၊ အင်းဒင်ကျေးရွာရှိ သင်္ချိုင်းတစ်ခုတွင် အလောင်း (၁၀)လောင်း တွေ့ရှိခဲ့သည်ဆိုသော သတင်းအချက်နှင့်ပတ်သက်၍ တပ်မတော်က အဆင့်မြင့်စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်ရာတွင် အဆိုပါဖြစ်စဉ်အား စုံစမ်းစစ်ဆေးခဲ့ပါကြောင်း၊ ဩဂုတ်လ ၂၅ ရက်တွင်ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များအပြီး ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် ARSA အကြမ်းဖက်တိုက်ခိုက်သူ (၁၀) ဦးကို လုံခြုံရေးတပ်ဖွဲ့များကဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့အား ရဲလက်သို့မအပ်ဘဲ စက်တင်ဘာလ ၂ ရက်တွင် သတ်ဖြတ်ခဲ့ပြီး ကျေးရွာရှိသင်္ချိုင်းတွင်မြှုပ်နှံခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ထုံးလုပ်နည်းစည်းမျဉ်းများကို ဖောက်ဖျက်ခဲ့သည့် တပ်မတော်သား၊ ရဲအရာရှိနှင့် ရွာသားစုစုပေါင်း (၁၆) ဦးကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်၏ယင်းလုပ်ဆောင်ချက်မှာ တာဝန်ယူမှုရှိသည့် အပြုသဘောဆောင်သော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ထောက်ခံအားပေးထိုက်ကြောင်း၊
- ရခိုင်ပြည်နယ်အတွင်း တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ သဟဇာတရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးမှာ တစ်နိုင်ငံလုံးငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအောင်မြင်မှုတို့အပေါ် မူတည်ကြောင်း၊ ယခုကာလတွင် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးသော အမျိုးသားရေးကြိုးပမ်းအားထုတ်မှုမှာ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်သွားရေးပင်ဖြစ်ကြောင်း၊
- ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုနှင့် တရားဥပဒေစိုးမိုးမှုတို့မရှိပါက လူသားတိုင်းအတွက် လုံခြုံမှု၊ လွတ်လပ်မှုနှင့်တိုးတက်မှုကိုပေးစွမ်းနိုင်သည့် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဖော်ဆောင်နိုင်မည်မဟုတ်ကြောင်း၊
- ဖေဖော်ဝါရီလ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီ (NMSP)နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU)တို့မှ နေပြည်တော်၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ပါဝင်လက်မှတ်ရေးထိုးလာကြပြီဖြစ်ရာ ယခုအခါ NCA လက်မှတ်ရေးထိုးပြီးသည့် လက်နက်ကိုင်အဖွဲ့ (၁၀) ဖွဲ့ရှိလာပြီဖြစ်ကြောင်း၊
- လက်ရှိလူသားချင်းစာနာမှုဆိုင်ရာအခက်အခဲဖြစ်ပွားမှုမှာ လုံခြုံရေးစခန်းများကို အကြမ်းဖက်အဖွဲ့မှတိုက်ခိုက်ခဲ့ခြင်း၏ နောက်ဆက်တွဲပြဿနာဖြစ်ကြောင်း၊ ယင်းမှာမြန်မာနိုင်ငံ၏ လုံခြုံရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့အတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည်ကို ရှင်းလင်းစွာတွေ့မြင်နိုင်ကြောင်း၊ လူအချို့မှပုံဖော်ပြောကြားနေသော ဘာသာရေးပြဿနာတစ်ရပ်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း အခြားသောဒေသများတွင် နေထိုင်ကြသည့်မူဆလင်အများစုမှာ မတူကွဲပြားသော ဘာသာဝင်များနှင့်အတူ ငြိမ်းချမ်းစွာနှင့်သဟဇာတရှိစွာ သမိုင်းတစ်လျှောက်နေထိုင်ခဲ့ကြကြောင်း၊
- ရခိုင်ပြည်နယ်တွင် ရင်ဆိုင်လျက်ရှိသည့် စိန်ခေါ်မှုများအတွက် လွယ်ကူလျင်မြန်စွာဖြေရှင်းနိုင်မည့် နည်းလမ်းမရှိကြောင်း၊ ပြဿနာကိုဖြေရှင်းရန်မှာ မြန်မာပြည်သူများအနေဖြင့် ငြိမ်းချမ်းပြီး သာယာဝပြောသော ရခိုင်ပြည်နယ်ကို မည်ကဲ့သို့ဖော်ဆောင်မည်ဆိုသည့်ခံယူချက်အပေါ် သာမူတည်ကြောင်း၊
- မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်း၏အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုကြောင်း၊ မူဝါဒချမှတ်ရေးလုပ်ငန်းစဉ်တွင် တစ်ဖက်သတ်ဆန်သော မီဒီယာများနှင့်လှုပ်ရှားသူများ၏ ဖိအားစာခံမဖြစ်သင့်ကြောင်း၊ သတင်းအချက်အလက်များအပေါ် အသေအချာဆန်းစစ်ပြီးမှသာ အရေးကြီးသော စီရင်ဆုံးဖြတ်မှုနှင့် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်ချမှတ်မှုများကို ဆောင်ရွက်သင့်ကြောင်း။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ ချင်းတွင်းလမ်းနှင့် ခတ္တာလမ်းထောင့်၊ အမှတ်(၂၃၁၉)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ) National United Democratic Party(N.U.D)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၄-၂-၂၀၁၈ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကိုကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ယ)အရ အများသိစေရန်ကြေညာအပ်ပါသည်။

**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ)**
**National United Democratic Party(N.U.D) ၏အလံပုံစံ**



**အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ)**
**National United Democratic Party(N.U.D) ၏တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ (အန်၊ ယူ၊ ဒီ) National United Democratic Party (N.U.D)က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုး အနည်းငယ် ရွာနိုင်

**၁၅-၂-၂၀၁၈**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**(မိုး/ဇလ)**

www.facebook.com/themyawadydaily

# ဘုတ်ထဲမှာတစ်ပါတည်း Graphic Card ထည့်မြှုပ်ထားတဲ့ ASUS ZenBook 13 UX331



အခုတော့ ZenBook 13 UX331 အမျိုးအစားရဲ့ အသေးစိတ်အချက်အလက်တွေကို ASUS က ထုတ်ပြန်လိုက်ပြီဖြစ်ပါတယ်။ အထူ သုည ဒသမ ၄၇ လက်မကနေ သုည ဒသမ ၅၅ လက်မအထိသာရှိပြီး အလေးချိန် ၂ ဒသမ ၄၇ ပေါင်ရှိပါတယ်။ အများနဲ့ မတူကွဲပြားတာကတော့ Graphic Card ကို ဘုတ်ပေါ်မှာ တစ်ခါတည်း ထည့်မြှုပ်တပ်ဆင်ပေးထားတာဖြစ်ပါတယ်။ မျက်နှာပြင် ၁၃ ဒသမ ၃ လက်မရှိပြီး Full HD ထိတွေ့မျက်နှာပြင်ကို အသုံးပြုထားပါတယ်။

ဒီ Graphic Card အမျိုးအစားက Nvidia GeForce MX150 2GB GDDR5 ဖြစ်ပြီး ဂိမ်းကစားတာနဲ့ Graphic Card ကို အလွန်အမင်းအသုံးပြုရတဲ့လုပ်ငန်းတွေမှာ အကောင်းဆုံးစွမ်းဆောင်ရည်ကို ပေးစွမ်းနိုင်ပါတယ်။ ဒါ့ပြင် တခြား Ultrabook တွေမှာ ပါဝင်တဲ့ Intel UHD Card တွေနဲ့နှိုင်းယှဉ်ရင် ASUS ZenBook 13 ရဲ့ Graphic Card က ပိုမိုသာလွန်ပါတယ်။

ZenBook 13 ကဆိုရင် Graphic Card ကို ဘုတ်အတွင်းမှာတပ်ဆင်ထားတဲ့ ကမ္ဘာ့အပါးလွှာဆုံး Laptop ဖြစ်တယ်ဆိုပြီး ASUS ကုမ္ပဏီက ကြွေးကြော်ထားပါတယ်။

အဲဒီ Laptop မှာ USB 3.0 နှစ်ပေါက်၊ Micro SD ကတ်ထည့်ဖို့အပေါက်၊ 802.11ac Wi-Fi နဲ့ 50Wh Lithium polymer battery တို့ပါဝင်ပါတယ်။ ဘက်ထရီစွမ်းဆောင်ရည်က အားအပြည့်သွင်းထားမယ်ဆိုရင် ၁၄ နာရီ ဆက်တိုက်အသုံးပြုနိုင်မှာဖြစ်ပြီး ၄၉ မိနစ် အားသွင်းရုံနဲ့ ဘက်ထရီအား ၆၀ ရာခိုင်နှုန်းအထိ ရရှိနိုင်ပါတယ်။ ဈေးနှုန်းက အမေရိကန်ဒေါ်လာ ၁၀၀၀ ဖြစ်ပါတယ်။

ASUS က ဒီနှစ်အစောပိုင်းမှာကျင်းပတဲ့ CES ပြပွဲမှာ အလွန်ပါးလွှာပြီးပေါ့ပါးတဲ့ ZenBook 13 ကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဒါပေမဲ့ ZenBook 13 အမျိုးအစားမှာ အဓိကကျတဲ့ Graphic Card နဲ့ပတ်သက်လို့ ထုတ်ဖော်ပြောထားခြင်းမရှိပါဘူး။

***Ref: Engadget***

# ဖန်သားပြင်အတွင်း လက်ဗွေဖတ်စနစ် ပါဝင်လာနိုင်သည့် Galaxy Note 9



Galaxy Note 9 စမတ်ဖုန်းက တောင်ကိုရီးယားနိုင်ငံအခြေစိုက် နည်းပညာကုမ္ပဏီ Samsung ရဲ့ ဖန်သားပြင်အတွင်း လက်ဗွေဖတ်စနစ်ပါဝင်တဲ့ ပထမဆုံးစမတ်ဖုန်း ဖြစ်လာနိုင်ပါတယ်။ မကြာသေးမီက Samsung ကုမ္ပဏီက ရရှိသွားတဲ့ မူပိုင်ခွင့်တွေနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံသတင်းဌာနတွေမှာ ဖော်ပြထားတာဖြစ်ပါတယ်။

Samsung က Synaptics ကုမ္ပဏီလို တခြားနည်းပညာကုမ္ပဏီတွေရဲ့ကမ်းလှမ်းမှုကို လက်မခံဘဲ Galaxy Note 9 ရဲ့ ဖန်သားပြင်အတွင်း လက်ဗွေဖတ်စနစ်ထည့်သွင်းမှုကို ကိုယ်ပိုင်နည်းပညာနဲ့ လုပ်ဆောင်မှာဖြစ်ပါတယ်။

ဒီလိုလုပ်ဆောင်ခြင်းက သုတေသနပြုမှုအတွက် ငွေကုန်ကြေးကျများနိုင်ပေမယ့် ရေရှည်မှာ တခြားနည်းပညာကုမ္ပဏီတွေကို လိုင်စင်ကြေးပေးစရာမလိုဘဲ ထုတ်ကုန်ပစ္စည်းတွေမှာ ကိုယ့်နည်းပညာကို ကိုယ်တိုင်တပ်ဆင်ခွင့်ရတာဖြစ်တဲ့အတွက် ငွေကုန်ကြေးကျသက်သာစေပါတယ်။

Samsung ကုမ္ပဏီက ဖန်သားပြင်အတွင်း လက်ဗွေဖတ်စနစ် ထည့်သွင်းတဲ့နည်းပညာကို ၂၀၁၆ ခုနှစ်နှောင်းပိုင်းကတည်းက ဖော်ဆောင်လာတာဖြစ်ပေမယ့် အခုမှ မူပိုင်ခွင့်တင်နိုင်တာဖြစ်တဲ့အတွက် Galaxy S8 နဲ့ Galaxy Note 8 စမတ်ဖုန်းတွေမှာတော့ လက်ဗွေဖတ်စနစ်ပါဝင်လာခြင်းမရှိပါဘူး။

တရုတ်နိုင်ငံအခြေစိုက် ViVo နည်းပညာကုမ္ပဏီက ဖန်သားပြင်အတွင်း လက်ဗွေဖတ်စနစ်ပါဝင်မယ့်စမတ်ဖုန်းဖြစ်တဲ့ X20 Plus UD ကို ပထမဆုံးကြေညာတဲ့ကုမ္ပဏီဖြစ်ပြီး ဒီနှစ်အစောပိုင်းမှာကြေညာခဲ့တာပါ။

တကယ်လို့ ဒီလက်ဗွေဖတ်စနစ်သာအလုပ်ဖြစ်ပါက အနာဂတ်စမတ်ဖုန်းတွေမှာ ဖန်သားပြင်အတွင်း လက်ဗွေဖတ်စနစ်နဲ့ မျက်နှာပြင်ဖတ်လုံခြုံရေးစနစ် နှစ်မျိုးစလုံး ပါဝင်လာမှာဖြစ်ပါတယ်။ Galaxy Note 9 စမတ်ဖုန်းကို ဒီနှစ် ဩဂုတ်လနှောင်းပိုင်း ဒါမှမဟုတ် စက်တင်ဘာလအစောပိုင်းမှာ ထုတ်ဖော်မိတ်ဆက်ဖွယ်ရှိပါတယ်။

***Ref: Engadget***

ဝေယံ

# နိုင်ငံခြားခရီးသွားဧည့်သည်များ မြန်မာ့ရုပ်သေးဖျော်ဖြေပွဲကို ယခင်ကထက် လာရောက်ကြည့်ရှုမှုများပြားလာ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ပြည်ပမီဒီယာများက မြန်မာ့ရုပ်သေးကို ကမ္ဘာတစ်ဝန်းသို့ ဖော်ပြပေးမှုပိုမိုများလာသောကြောင့် ယခုနှစ် နှစ်ဆန်းပိုင်းတွင် ရုပ်သေးကိုစိတ်ဝင်စားသော နိုင်ငံခြားခရီးသွားဧည့်သည်များမှာ ယခင်လများကထက် ရန်ကုန်မြို့သို့လာရောက်၍ မြန်မာ့ရုပ်သေးဖျော်ဖြေပွဲများကို ကြည့်ရှုမှုများပြားလာကြောင်း ထွေးဦးမြန်မာရုပ်သေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ထွေးထံမှ သိရသည်။



ယခုနှစ်အတွင်း မြန်မာ့ရုပ်သေးဖျော်ဖြေပွဲသို့ လာရောက်ကြည့်ရှုသော နိုင်ငံခြားခရီးသွားဧည့်သည်များမှာ ရုပ်သေးပွဲရှိရာသို့ မိမိအစီအစဉ်ဖြင့် လာရောက်ကြည့်ရှုကြသကဲ့သို့ တချို့မှာ ရန်ကုန်မြို့ရှိ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့်ချိတ်ဆက်ကာ လာရောက်ကြည့်ရှုကြသူများလည်းရှိသည်။ ရန်ကုန်မြို့၌ မိမိအစီအစဉ်ဖြင့် ဖျော်ဖြေပေးနေသော မြန်မာ့ရုပ်သေးအဖွဲ့များ ပြသရာသို့ လာရောက်ကြည့်ရှုကြသူများမှာ ဥရောပတိုက်ရှိ နိုင်ငံများနှင့် အမေရိကန်တို့မှ ဖြစ်ကြောင်း သိရသည်။

"ဇန်နဝါရီ ၁ ရက်ကစပြီး မြန်မာ့ရုပ်သေးဖျော်ဖြေပွဲကို လာကြည့်ကြတဲ့ နိုင်ငံခြားခရီးသွားဧည့်သည်တွေအနေနဲ့ ရုပ်သေးကြိုးဆွဲနည်းကို သင်ချင်တဲ့သူတွေလည်းရှိပါတယ်။ ဒါကြောင့် ရန်ကုန်မြို့မှာရှိတဲ့ ရုပ်သေးအဖွဲ့တွေထံမှာ လာရောက်သင်ယူကြပါတယ်" ဟု ဦးခင်မောင်ထွေးကပြောသည်။

လက်ရှိတွင် မြန်မာ့ရုပ်သေးကို ဖျော်ဖြေပေးသောအဖွဲ့များမှာ နိုင်ငံခြားခရီးသွားဧည့်သည်များကို ကပြဖျော်ဖြေပေးရာတွင် တစ်နာရီလျှင် အမေရိကန်ဒေါ်လာ ၂၀ ယူပြီး မြန်မာ့ရုပ်သေးကြိုးဆွဲနည်းကို သင်ယူလိုသူများအတွက် တစ်ဦးကို တစ်လလျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဖြင့် သင်ကြားပေးနေကြောင်း သိရသည်။

**သီရိ**

# နေကြတ်မှုဖြစ်စဉ်ကြောင့် ကောင်းကျိုးများနိုင်ကြောင်း နက္ခတ်ပညာရှင်များ တွက်ချက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ယခုရက်ပိုင်းအတွင်း ဖြစ်ပေါ်မည့် နေကြတ်သောဖြစ်စဉ်ကို မြန်မာနိုင်ငံမှ နက္ခတ်ပညာရှင်များ တွက်ချက်ကြည့်ရာ မြန်မာနိုင်ငံ၌ ကောင်းကျိုးများဖြစ်ပေါ်နိုင်သော အခြေအနေမျိုးရှိကြောင်း ခေတ်မီနက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့မှ သိရသည်။

"အခု နေကြတ်မယ့်ဖြစ်စဉ်အနေအထားကို မြန်မာနိုင်ငံရဲ့ ဇာတာခွင်နဲ့ တွက်ချက်ကြည့်တဲ့အခါ စီးပွားရေးလုပ်ငန်း၊ လူမှုရေး၊ စီမံခန့်ခွဲမှုနဲ့ အုပ်ချုပ်ရေးပိုင်းတွေမှာလည်း ကောင်းမွန်စေမယ့်အခြေအနေတွေ ဖြစ်နိုင်ပါတယ်" ဟု ခေတ်မီနက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းကပြောသည်။

ထို့ပြင် နေကြတ်သောဖြစ်စဉ်ကို ကမ္ဘာ့အနောက်နိုင်ငံများက ဖေဖော်ဝါရီ ၁၅ ရက်အဖြစ် သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံနှင့် ကမ္ဘာ့အရှေ့ခြမ်းမှနိုင်ငံများက ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ဖြစ်ပေါ်မည်ဟု တွက်ချက်ထားကြခြင်းဖြစ်သည်။ "နေကြတ်တဲ့ဖြစ်စဉ်က နေအစိတ်အပိုင်း ကြတ်တဲ့အနေအထားမျိုးဖြစ်မှာပါ။ မြန်မာနိုင်ငံကနေ မြင်ရဖို့မရှိနိုင်ဘူး" ဟု ဦးထွန်းလင်းကပြောသည်။

အဆိုပါနေကြတ်မည့်ဖြစ်စဉ်ကို အန္တာတိကတိုက်ဒေသ၊ ဖောက်ကလန်ကျွန်းစု၊ အာဂျင်တီးနား၊ ဥရုဂွေးနှင့် ချီလီနိုင်ငံတို့မှသာ မြင်တွေ့ရမည်ဖြစ်ပြီး နောက်တစ်ကြိမ်နေကြတ်မည့်ဖြစ်စဉ်ကို ဩဂုတ် ၁၁ ရက်တွင် ကြုံလာဦးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **ထက်နိုင်(စမ်းချောင်း)**

# အိန္ဒိယနိုင်ငံမှ အသည်းနှင့်ကျောက်ကပ်ဆိုင်ရာ အထူးကုဆရာဝန်ကြီးနှစ်ဦး ရန်ကုန်မြို့သို့ လာရောက်ဆွေးနွေးကုသပေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အိန္ဒိယနိုင်ငံ Fortis ဆေးရုံကြီး မြန်မာနိုင်ငံရုံးခွဲ၏စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ Grand Hantha International Hospital ၌ ဖေဖော်ဝါရီ ၁၇ နှင့် ၁၈ ရက်တို့တွင် အိန္ဒိယနိုင်ငံမှ အသည်းနှင့်ကျောက်ကပ်ဆိုင်ရာအထူးကုဆရာဝန်ကြီးနှစ်ဦးလာရောက်၍ ပြည်သူများကို ဆွေးနွေးကုသပေးမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ အသည်းအထူးကုဆရာဝန်ကြီး Dr.Vivek Vij က ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ Grand Hantha International Hospital ၌ အသည်းရောဂါခံစားနေရသည့် ပြည်သူများကို နောက်ဆုံးပေါ်နည်းပညာများဖြင့် ကုသပေးမည်ဖြစ်ကြောင်း၊ ကျောက်ကပ်အထူးကုဆရာဝန်ကြီး Dr. Rajeev Sood က ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျောက်ကပ်နှင့်ပတ်သက်သော ရောဂါအကြောင်းအရာများ၊ ကာကွယ်နည်းများ၊ နေထိုင်ပုံနည်းလမ်းများ၊ ရှောင်ကြဉ်ရန်နည်းလမ်းများနှင့်ကုသပုံများကို ဟောပြောပေးမည်ဖြစ်သည်။

"အခု လာရောက်ပြီး ဆွေးနွေးကုသပေးမယ့် အထူးကုဆရာဝန်ကြီးနှစ်ဦးစလုံးက အိန္ဒိယနိုင်ငံမှာ ကျော်ကြားတဲ့ ဆရာဝန်ကြီးတွေဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ မိမိတို့ရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီး အကျိုးကျေးဇူးတွေ များစွာရရှိမှာပါ။ Fortis ဆေးရုံကြီးကနေ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေပိုမိုကောင်းမွန်အောင် ငွေကြေးများစွာအကုန်အကျခံပြီး ပြုလုပ်ထားတဲ့ပွဲဖြစ်လို့ ပြည်သူတွေ မဖြစ်မနေလာရောက်ဖို့ တိုက်တွန်းပါတယ်" ဟု Fortis ဆေးရုံကြီး၏ မြန်မာနိုင်ငံရုံးခွဲမန်နေဂျာ ဒေါက်တာမေမြတ်ဇော်ကပြောသည်။

Fortis ဆေးရုံကြီး၏ မြန်မာနိုင်ငံရုံးခွဲမှ ယခုနှစ်အတွင်း ရန်ကုန်နှင့် မန္တလေးမြို့တို့ရှိ ဆေးရုံများ၌ အိန္ဒိယနိုင်ငံမှ အထူးကုဆရာဝန်ကြီးများအားဖိတ်ကြား၍ ဆွေးနွေးဟောပြောကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းသော်တာလွင်**



15-2-2018 (P-12) TZN.indd 1 2/14/2018 6:25:18 PM

www.facebook.com/themyawadydaily



# တောင်ငူမြို့၊ မြစည်းခုံစာသင်တိုက်၌ (၄၉)ကြိမ်မြောက် ပရိယတ္တိစာသင်တိုက်စာပြန်ပွဲပြေဆိုနေသည့် သံဃာတော်များအားနေ့ဆွမ်းဆက်ကပ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မြစည်းခုံစာသင်တိုက်၌ (၄၉)ကြိမ်မြောက် တောင်ငူခရိုင်လုံးဆိုင်ရာ သုမ္မောပရိယတ္တိစာမေးပွဲဝင်ရောက်ဖြေဆိုတော်မူကြသည့် သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် အဆိုပါစာသင်တိုက်၌ပြုလုပ်ရာ ကြာနီကန်ကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော်နှင့် အရာရှိ စစ်သည်၊ မိသားစုများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



သံဃာတော်များထံ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်ကျော် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြာနီကန်ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် သံဃာတော်များ၏ ပရိတ်တရားတော်ရွတ်ပွားမှုများကို နာယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တောင်ငူခရိုင်အတွင်းရှိ စာသင်တိုက်အသီးသီးမှ ဝင်ရောက်ဖြေဆိုတော်မူကြသည့် စာသင်/စာချနှင့်စာဖြေသံဃာတော်စုစုပေါင်း အပါး ၄၀၀ တို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် စာမေးပွဲဝင်ရောက်ဖြေဆိုကြသည့် သံဃာတော်အရှင်သူမြတ်များအား တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် သွေးအားနည်းရောဂါ၊ အအေးမိရောဂါ၊ အဆုတ်ရောင်ရောဂါ၊ အရေပြားရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် ၆၅ ပါးတို့ကို ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်နှစ်ပါးအား တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




နွားနို့တိုက်ပါ

ကိုယ်ခန္ဓာဖွံ့ဖြိုးစေဖို့

ကျန်းမာသန့်စွမ်းစေဖို့

ဉာဏ်ရည်ဉာဏ်သွေးကောင်းစေဖို့

အသားအရေလှပစေဖို့

ကျောင်းနေအရွယ် သင့်ကလေးကို

နွားနို့တိုက်ပါစို့။


# (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲပြုလုပ်



တမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ (၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နေ့လယ်ပိုင်းတွင် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ အရာရှိ စစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲ ဖြေဆိုနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်လင်းအောင်နှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မိုးမိတ်မြို့နယ်အတွင်း တရားမဝင်သစ်များသိမ်းဆည်းရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုးမိတ်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းသည် ဖေဖော်ဝါရီ ၁၃ ရက် ညနေပိုင်းတွင် နားရုံကျေးရွာ၏အနောက်တောင်ဘက် ၃ မိုင်ခန့်အကွာ၌ စုပုံထားသော တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၁၄၀ ချောင်း(ခန့်မှန်း ၁၀ တန်)အား ပိုင်ရှင်မဲ့တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသစ်များအား မိုးမိတ်မြို့နယ်၊ သစ်တောဦးစီးဌာနသို့ စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

သိမ်းဆည်းရမိတရားမဝင်သစ်များကို တွေ့ရစဉ်။

# မောင်တောမြို့နယ်၊ မောင်နီကျေးရွာအတွင်း မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ မောင်နီကျေးရွာရှိ ဟာမီဒါခါတူ(ဘ)ဆူလေမန်၏နေအိမ်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီ ၁၃ ရက် နေ့လယ်ပိုင်းတွင် သတင်းအရဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့ခန်းရှိ သော့ခတ်ထားသောဗီရိုအတွင်းမှ အဝါရောင်တိပ်ဖြင့်ပတ်ထားသော WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅၀၀ ပြား (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ သိန်းကျော်) အား သိမ်းဆည်းရမိခဲ့သည်။

အဆိုပါသိမ်းဆည်းရမိမူးယစ်ဆေးဝါးများအား မောင်တောမြို့နယ်ရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်းနှင့် ဆက်စပ်သူများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



သိမ်းဆည်းရမိမူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

# လူ့အခွင့်အရေးဆိုင်ရာအလုပ်ရုံသင်တန်းဆင်းပွဲကျင်းပ

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၄**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးဆိုင်ရာကော်မရှင်က ကြီးမှူးဖွင့်လှစ်သည့် မိတ္ထီလာခရိုင်အတွင်းရှိ အစိုးရဝန်ထမ်း အရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာအလုပ်ရုံသင်တန်းဆင်းပွဲကို ယနေ့ညနေ ၄ နာရီခွဲတွင် ထီလာဟိုတယ် (Lake View) ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးဆိုင်ရာကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက အမှာစကားပြောကြားရာ၌ သင်တန်းကာလတိုတောင်းသော်လည်း လူ့အခွင့်အရေးဆိုင်ရာ သိသင့်သိထိုက်သည့်အချက်အလက်များကို သိရှိနားလည်လေးစားလိုက်နာပြီး ပြည်သူများအကျိုးအတွက် တာဝန်ထမ်းဆောင်ရာတွင် လူ့အခွင့်အရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်သွားကြမည့် ဝန်ထမ်းကောင်းများဖြစ်လာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက သင်တန်းသားများအနေဖြင့်လည်း ယခင်ကထက် လူ့အခွင့်အရေးဆိုင်ရာများကို သိရှိနားလည်လေးစားလိုက်နာပြီး တာဝန်ဝတ္တရားများကိုထမ်းဆောင်ကြရန်တိုက်တွန်းကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းတို့က သင်တန်းသား၊ သင်တန်းသူ ၅၀ ဦးအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။ သင်တန်းသို့ မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်တို့မှ အရာထမ်းဝန်ထမ်း ၅၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwdpress@hotmail.co.uk

# Fierce competition in the bottled water market

**Yangon February 14**

As owners of bottled water businesses have to sell their products at competitive prices in the market, they face loss and around 30 factories have to stop the operation in the country monthly, according to U Ye Htut Oo, chairman of the Myanmar Drinking Water Entrepreneurs Association.

"Most of the failed businesses are small factories which produce less than 1,000 liters of purified water. The sale of bottled water at competitive prices occurs in every region and state of the country," he said.

"As bottled water is sold at reduced price, the owners only get meager profit. The employers cannot pay reasonable salary to workers. If the competition is fierce in the bottled water market, most of the businesses will be damaged," said U Ye Htut Oo.

"Per bottle price of purified drinking water has to be fixed to prevent the competition in the market of respective township. The wholesale price of drinking water should be fixed Ks-400 per bottle. Currently, the price of drinking water is Ks-250 to Ks-300 in the wholesale market," he said.

"There might be a total of 2,000 to 3,000 purified drinking water businesses in the whole country. The Myanmar Drinking Water Entrepreneurs Association was formed with about 50 businessmen of bottled water from Yangon Region. The chapters of the association have been formed in Magway and Mandalay regions, and there are plans to open new branches in northern Shan State and Ayeyawady Region," said U Ye Htut Oo.

**Aung**



A worker loading water bottles onto a truck.

# Visa, bankers discuss electronic payment

**Yangon February 14**

Visa, American multinational financial services corporation headquartered in USA's California, discussed with bankers on electronic payment.

The discussion focused on the role of electronic payment for traders and Visa card holders.

"We are very glad that Visa cards can be used at over 7,500 points of sale including restaurants and supermarkets across the country. And we are working to increase more points of sale. The most important thing is we would like to create convenient experience whether card users use them at a small convenience store or big supermarkets," said Country Manager Arturo Planell of Visa Myanmar.

"As Myanmar's economy is going digital, we need to work together to eliminate any obstacle that hampers development and improve the experience of users," he added.

"But we need to focus more on education so that card users and traders can make the best use of Visa cards," he said.

"With Visa cards, traders can make reliable and safe payment and money transfer," he added.

Electronic payments in Myanmar are still at a nascent stage of development. The first ATM in Myanmar was installed in November 2011. Although the country now has over thousands ATMs, it is still a relatively low number given Myanmar's population of more than 54 million.

Visa signed its first licensing agreements in Myanmar with Kanbawza Bank, CB Bank and Myanmar Oriental Bank in late 2012.

**H.O**



Workers processing fishery products at a cold storage in Hlaingthaya Industrial Zone.

# Saudi Arabia suspends fishery imports from Myanmar

**Yangon February 14**

"Saudi Arabia has suspended importing fishery products from Myanmar," said general secretary U Win Kyaing of Myanmar Fisheries Federation.

"Around 15 percent of Myanmar's fishery exports go to Saudi Arabia, and the suspension will have certain impact on the industry," he said.

Saudi Arabia has also suspended importing fishery products from India, Bangladesh and Vietnam. Saudi Arabia Food and Drug Administration has reportedly found out fish and prawn processing plants that are not in line with food safety guidelines in Vietnam.

"The suspension is due to fish and prawn processing plants of Vietnam, but Saudi Arabia announced that it has suspended importing fish from all countries, and is conducting checks," said U Win Kyaing.

Local breeder and exporter associations should work together to meet the demand of Saudi Arabia as it demands the consumer rights.

**Su Latt**

# Sellers of unlicensed liquors being taken actions in Bago

**Yangon February 14**

The retail and wholesale sellers of unlicensed liquors are being arrested and taken actions in the townships of Bago Region, according to Region Minister Colonel Hla Myo Swe for Bago Region Security and Border Affairs.

The Region Minister answered the above remarks on the question raised by regional MP U Zaw Lin Htike from Constituency (2) of Thaekone Township on 14 February.

"The police force is making inspection and surprise check in cooperation with the hardcore to arrest and take action against bootleg-carrying motor vehicles and wholesalers of liquors every night," said Colonel Hla Myo Swe.

So far, Thaekone Township Police Force has taken action against two locals who sell unlicensed liquors in accord with the law.

"Illegal liquors are being sold in Pyi District. The sellers should be taken action in accord with the law. We welcome the move of the police force," said Ko Aung Nyein Chan, a local in Bago Region. **MMK**

www.facebook.com/themyawadydaily

15-2-2018(P-18)SSK.indd 1 2/14/2018 7:36:45 PM

# List of shops being collected in Bagan Archaeological Zone

**Yangon February 14**

In an effort to relocate the shops, the list of street vendors at ancient pagodas is being collected in the Bagan Archaeological Zone as from 13 February, according to the collecting team.

U San Tun, head of the collecting team, said: "The team in co-operation with the Archaeology and National Museum Department (Bagan Branch), Municipal Committee, General Administration Department and Pagoda Boards of Trustees collects the number of shops selling at 17 ancient pagodas under the control of the Nyaung-U District Management Committee to relocate the shops systematically."

The collecting team was formed on 7 February to conduct the list of undisciplined roadside shops at the ancient pagodas in the Bagan Archaeological Zone and will compile the list of vendors till 15 February.

"At present, some shops sell their commodities outside the vicinity of the pagodas. We don't know where they will relocate the roadside vendors. We may face economic hardships if the new location is not convenient," said U Win Kyi, a shopkeeper at the Gupyaukgyi Pagoda.

"On 5 February, officials of the governmental departments and members of the Pagoda Board of Trustees hold a meeting at the office of the Nyaung-U District General Administration Department. The meeting decided to relocate the sparse vendors at the parking lots of the pagodas and sunset-viewing sites," said U Tin Hla Oo, secretary of Htilominlo Pagoda Board of Trustees, who attended the meeting.

**Aung**



A souvenir shop selling lacquerware at an ancient pagoda in Bagan.

# Police take action against taxis that fail to remove stickers

**Yangon February 14**

Yangon traffic police have taken action against 98 taxis that defied the instruction to remove stickers, said police officer Hsan Lin of Yangon Region Traffic Police.

Authorities have announced that taxis in Yangon Region must remove window shades, stickers and advertising that could obscure the view inside by 1 February.

The defiance of the instruction is punishable by Ks-30,000 under 2015 Automobile Law, and Inland Road Transport Administration Department has also warned to revoke the licences.

"We are arresting the taxis with stickers as instructed by the upper level authorities," said a traffic police officer.

The instruction followed a recent rape and murder case by a taxi driver that alarmed the city. Yangon Region Transport Authority(YRTA) has also instructed that all taxis in Yangon must register.

**447**

# Drones to be used in growing mangrove

**Yangon February 14**

Mangrove trees will be grown with the use of drones in Yangon Region, said U Than Toe, director of the Region Forestry Department.

There are around 30,000 acres available for establishing mangrove forests in Yangon Region. The government has not given permission for any project on over 10,000 acres of land, but rented over 8,000 acres to private companies for fish and prawn breeding.

Drones will carry baskets filled with seeds of mangrove trees and drop at designated places. And mangrove trees grow naturally on wet soil.

The Forestry Department plans to grow over 10,000 mangrove trees this year, and more in the years to come.

Mangrove forests are important for ecosystem and also serve as shelter against storm, and provide livelihoods for the people.

Mangrove forests will be established in Thongwa, Kayan, Kyauktan and Kunchangon townships with the assistance of international organizations and civil society organizations.

Myanmar started establishing mangrove forests in 2014, and grew 400,000 mangrove trees on 300 acres in Shwethaungyan in Ayeyawady Region in 2015, 300,000 mangrove trees on 300 acres in 2016, and 300,000 mangrove trees on 1,000 acres in 2017. Growing of mangrove trees was 93 percent successful in 2017.

**Soe Moe**



Photo shows a mangrove forest in Myanmar.

# Emerald green loans for development of villages

**Yangon February 14**

Under the Emerald Green Project of the Rural Development Department, more than 8,000 units of loans have been disbursed in around 10,000 villages of the whole country, according to an official of the Sagaing Region Rural Development Department.

U Toe Kyi, district head of the Katha District Rural Development Department, said: "The Rural Development Department gives loans (Ks-300,000 per unit) as from 2014-2015 fiscal year with the aim of creating employment opportunities and the alleviation of poverty."

"The department gives loans in villages of the regions and states based on the ratio of the population. In some places, one unit is given for the whole village. However, two or three villages share a unit of loan in some places," said U Toe Kyi.

"The Rural Development Department forms a committee with the desire of the locals in villages which get loans under the Emerald Green Project. The committee gives loans to run livestock, manufacturing and other industries," an official explained.

"The interest rate is Ks-0.5 to Ks-1.5 for every Ks-100. The committee has to deposit the interest at the bank. The interest can be used in the service industry or regional development tasks after three years later," he explained.

**Aung**

## Solar eclipse expected to bring positive changes for Myanmar: astrologers

**Yangon February 14**

Astrologers have predicted that the upcoming solar eclipse will bring good luck for the country.

"Due to the position of stars and planets, the solar eclipse will bring improvement in economic, social, and executive areas," said chairman U Tun Lin of Khit Hmi Astrologist Group.

Unusual things tend to happen when a solar eclipse occurs within one month after a lunar eclipse, said local astrologers, adding that the opposite phenomenon however does not lead to unusual event.

The solar eclipse will happen on 15 February in western part of the world, and but around 10 am local time on 16 February in eastern part of the world including Myanmar.

"It will be partial solar eclipse. Myanmar is unlikely to see it. Only the areas in southern hemisphere and the Antarctic will be able to see it," said U Tun Lin.

Solar eclipse occurs when the moon passes between the sun and earth, and when the moon fully or partially blocks the sun.

The solar eclipse will be seen only in the Antarctic, Falkland Islands, Argentina, Uruguay, and Chile. Another solar eclipse is expected to occur on 11 August.

**Htet Khaing (Sanchaung)**



15-2-2018(P-19)SSK.indd 1 2/14/2018 9:44:00 PM

www.facebook.com/themyawadydaily



# Trump threatens China sanctions, vows to rework S.Korea trade deal

**Washington February 14**

US President Donald Trump threatened retaliatory action against two major Asian trading partners Tuesday, warning of sanctions against China while vowing to revise or scrap a free trade deal with South Korea.

Accusing Beijing of decimating American steel and aluminum industries, Trump said he was "considering all options," including tariffs and quotas.

Trump recently received two Commerce Department reports concerning alleged Chinese subsidies for steel and aluminum exports -- materials that are vital for industries from construction to autos.

He has another two months to decide on possible retaliatory action, but strongly indicated that he is leaning toward hitting back at Beijing.

"I will make a decision that reflects the best interests of the United States, including the need to address overproduction in China and other countries," he said.



U.S. President Donald Trump speaks while Sen. Pat Toomey, a Republican from Pennsylvania, listens during a meeting with bipartisan members of Congress on trade in the Cabinet Room of the White House in Washington on Tuesday.

Experts believe any US sanctions would prompt China to respond with sanctions of its own, raising the specter of a trade war between the world's two largest economies.

China produces around half of the world's steel and is accused of flooding the market in order to keep the economic wheels turning at home.

For decades Chinese leaders have been consumed with the need to -- as former president Hu Jintao once put it -- create "25 million jobs a year."

But Trump also is under domestic pressure. He came to office vowing to be a champion of America's rust belt and said Monday he had to act to save the "empty factories" he saw on the campaign trail. **AFP**

## Iran arrests currency traders as rial collapses

**Tehran February 14**

Iranian police arrested around 100 money changers on Wednesday as it scrambled to contain the decline of the rial, which has lost a quarter of its value in six months.

A video by state broadcaster IRINN showed dozens of currency hawkers, who normally ply their trade across the road from the British embassy in central Tehran, being rounded up by police.

Iran's currency has collapsed from 38,400 rials to the dollar in July to a record low of 48,400 on Wednesday.

Tehran's chief of police, General Hossein Rahimi, told local media that 10 exchange offices had also been shut.

Iran's nuclear deal with world powers, which lifted many international sanctions, had raised hopes that the currency would regain its lost value.

On the day it was announced, many celebrating Tehranis waved dollar bills alongside 10,000 rial notes -- a sign of their hope that it would return to the level it had last enjoyed prior to the tightening of US-led sanctions in 2012.

Instead, the currency has continued to plummet, particularly after the arrival in office of US President Donald Trump, whose threats to tear up the nuclear deal have scared off many foreign investors and prevented international banks from re-engaging with Iran.

But blame is also being placed closer to home.

"It's the government which is partly responsible for the rise in the dollar," a currency trader told AFP, asking not to be named.

He said the government itself was selling dollars at 48,800 rials on Tuesday -- part of its struggle to repatriate dollars it earns from selling oil and gas abroad.

The other big driver was the decision by the central bank to lower interest rates in September.

Iran's banks have offered sky-high rates in recent years -- often over 20 percent -- as they compete for deposits against many individuals and businesses who prefer to keep their money in dollars or real estate.

With many banks looking shaky, Iran's central bank decreed they could no long offer rates above 15 percent -- a move which traders say pushed many back towards the dollar.

**AFP**

## Indonesia Sumatran elephant found dead from suspected gunshots

**Jakarta February 14**

An elephant from the critically endangered Sumatran species has been found dead inside an Indonesian national park with what appear to be bullet wounds, the Environment Ministry said Wednesday.

The female elephant was discovered in Sumatra's Way Kambas National Park on Monday.

Her trunk was broken off and she had five holes resembling gunshot wounds on the right side of her body, it said.

But no bullets were found inside the body, which officials suspect had been lying in the forest for at least two days.

"Its teeth were gone, maybe taken by hunters. So we assume she was shot because of that, but we still need to investigate more," Environment Ministry spokesman Djati Witjaksono Hadi told AFP.

The apparent killing of the elephant, believed to be about 20 years old, comes about two months after a pregnant elephant was found dead in a palm oil plantation in Sumatra.

The death was presumed to be the result of deliberate poisoning.

Also last year, authorities found a dead elephant without tusks in Aceh, along with its abandoned 11-month-old calf.

Sumatran elephants are listed as critically endangered animals by the International Union for the Conservation of Nature.

Massive deforestation for plantations has reduced their natural habitat and brought them into conflict with humans. Their tusks are also targets for poachers in the illegal ivory trade.

Way Kambas National Park is home to Sumatran elephants and also critically endangered Sumatran tigers, Sumatran rhinos and endangered Asian tapirs.

There are believed to be around 2,000 Sumatran elephants left in the wild.

**AFP**



A ranger stop a patrol elephant with her calf in Way Kambas National Park in 2016: a Sumatran elephant has been found dead there with apparent bullet wounds.

## Philippines storm death roll rises to nine

**Manila February 14**

The death toll from a tropical storm that struck the Philippines has risen to nine, officials said Wednesday, as some of the thousands of displaced residents returned home with floods receding.

Landslides and flash floods brought by Tropical Storm Sanba struck the main southern island of Mindanao on Tuesday and killed eight people, the civil defence office in the region said, doubling its earlier figure of four deaths.

A baby also died on the central island of Leyte after a house was buried by an avalanche, the regional civil defence office sadi.

Sanba had forced more than 21,000 people to flee, mostly on Mindanao's east coast, the civil defence office in Manila said. However Yap said many had since returned home.

Sanba was bearing down on the country's western island of Palawan on Wednesday afternoon. But it had weakened after crossing the Sulu Sea and now had top gusts of 60 kilometres (37 miles) an hour, the state weather service said.

**AFP**

www.facebook.com/themyawadydaily

www.facebook.com/themyawadydaily



# Could your sleeping position be making you ill? A host of ailments can be fixed simply by changing the way you lie

- **Common maladies can be made worse by poor sleeping patterns and habits**
- **Luckily, these can be easily adjusted and may even help you recover quicker**
- **Experts give their recommendations for the best positions to sleep in**

**A bad night's sleep isn't just unpleasant, it's dangerous.**

Existing problems like a bad back, period pains or even a cold can be worsened by sleeping poorly. The position you sleep in can have a lot to with this.

The way you sleep affects the way blood moves around your body, as well as putting pressure on various parts of your body for many hours at a time, which may impair circulation.

If you find your sleeping position uncomfortable, or wake from a troubled night not feeling rested: there are a few different positions you can try to manage your discom-fort.


A bad night's sleep isn't just unpleasant, it can be dangerous.

**Acid reflux**

Acid reflux is a burning feeling in the chest caused by stomach acid travelling up towards the throat, casually known as heartburn.

Eating a large meal right before bed increases the chance of gettin heart burn. However, some people may be predisposed to it, or suffer from gastro-oesophageal reflux disease (GORD).

If you are suffering from acid reflux, lie on your right side, with your arms out in front of you. Your knees should be bent and slightly pulled up towards your abdomen.

Dr John de Caestecker, consultant gastroenterologist from University ¬Hospitals Leicester, told the Mirror: "The gullet joins the stomach on the left side so by lying on the right, food can move more effectively through the digestive tract.

'If you do have to eat late, research shows raising the head of the bed a few inches can alleviate symptoms. It's a much better option than adding more pillows, which you're likely to roll off and can crease you up in the middle and hinder digestion,' he said.

**Painful back**

A bad sleeping position can actually exacerbate problems with your back and spine.

As before, lay your arms out in front of you. Lie on either side, bending your knees slightly and try to keep your hips in line with the rest of your body, as opposed to curling inward.

Place a pillow between your knees that they rest about the width of your hips apart. This position may feel strange at first, but you should persist beyond the feeling.

**Nasal congestion**

You should not sleep on your back if you're suffering from a cold, or anything that stuffs the sinuses.

Instead, you should lie on your side with extra pillows to elevate your head, to help the congestion to drain naturally.

You may need to experiment with adjusting your arms and legs so that they are comfortable as well.

**PMS**

Unusually, you actually should lie on your back for period-related pain.

Put a pillow underneath your knees to take pressure off your upper back (you can use two if you're still uncomfortable). Sleeping on your side would put pressure on the breasts, while sleeping face down puts pressure on the uterus, only making symptoms worse.

**Painful hips from running**

Once again, you should sleep on your back. This takes pressure off your hips, which can become swollen after too much running - a condition known as bursitis.

Chartered physio Sammy Margo, author of The Good Sleep Guide says: 'Side-lying puts -pressure on your hips.

'Dozing on your back gives your hips a break from the stress of walking and sitting all day.

'If it feels good, prop a pillow under your knees for added support.'

**Sore neck**

You should sleep on your back with your neck as straight as possible to prevent it from crinking.

If you grind your teeth while you sleep

Grinding your teeth at night is said to affect 8 percent of adults and can, obviously, damage your teeth, as well as change the overall shape of your face.

By lying on your back, your jaw muscles should naturally sag and stretch with gravity.

Keep your arms relaxed but straight at either side, because we naturally tend to roll toward bent arms.

**Snoring**

Snoring can actually be resolved by lying on your front - but it's not necessarily advisable.

When you lie on your front your throat muscles don't fall backwards, which causes snoring.

However, for a lot of the above mentioned problems: lying on your front can make things worse.

'When lying on the front, too many or too few pillows will affect the neck position and put it out of alignment with the spine.

'This ups the likelihood of nerve compression, especially in older people,' says Sammy.

**Mail Online**

# US intel chiefs say Russia meddling threatens 2018 vote

**Washington February 14**

US intelligence chiefs said Tuesday that Russian attempts to meddle in US politics are continuing unabated -- and pose a threat to mid-term congressional elections in November.

They also said North Korea's nuclear program poses a potential "existential threat" to the United States, and that the time is nearing for Washington to respond to that danger.

In a Senate Intelligence Committee hearing on the most urgent threats facing the country, Director of National Intelligence Dan Coats and the heads of the CIA, FBI, NSA and two other spy agencies were unanimous in saying that Moscow's efforts to disrupt US politics are as intense now as they were in the 2016 presidential election.

"Throughout the entire community, we have not seen any evidence of any significant change" in Russian behavior, said Coats.

"There should be no doubt that Russia perceived its past efforts as successful and sees the 2018 US midterms elections as a potential target for Russian influence operations."

Central Intelligence Agency Director Mike Pompeo said: "We have seen Russian activity and intentions to have an impact on the next election cycle here."

National Security Agency Director Michael Rogers warned that "this is not going to change or stop."

America's leading intelligence agencies concluded last year that Russian President Vladimir Putin had directed a broad intelligence effort to influence the 2016 presidential election to undermine the campaign of Democrat Hillary Clinton and boost Donald Trump's chances.

That effort included hacking and releasing emails and documents from the Clinton campaign, filling social media with posts and "news" items aimed at discrediting her, as well as targeting voter-registration operations and election databases.

Trump has repeatedly dismissed the idea that Moscow helped him -- and all allegations of collusion -- as "fake news," and criticized the intelligence agencies for repeating it.

But a large volume of information has surfaced on Russian use of social media to influence public opinion in US public policy debates.

**AFP**

www.facebook.com/themyawadydaily

15-2-2018(P-21)SSK.indd 1 2/14/2018 7:35:37 PM

www.facebook.com/themyawadydaily



## ဒေါ်နယ်ထရမ့်ကတရုတ်ကို အရေးယူပိတ်ဆို့မည်ဟုခြိမ်းခြောက်ပြီး တောင်ကိုရီးယားနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကို ပြင်ဆင်မည်ဟုကတိပြု

ဝါရှင်တန် ဖေဖော်ဝါရီ ၁၄



အမေရိကန်အစိုးရသည် တရုတ်နိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများချမှတ်ပြီး တောင်ကိုရီးယားနှင့် ချမှတ်ထားသည့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ကိုပြင်ဆင်မည်ဟု သမ္မတဒေါ်နယ်ထရမ့်က ဖေဖော်ဝါရီ ၁၃ ရက်တွင် ခြိမ်းခြောက်ပြောဆိုလိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ရှိ သံမဏိနှင့်အလူမီနီယံစက်မှုလုပ်ငန်းများကို ဖျက်ဆီးနေသည်ဟု ထရမ့်ကစွပ်စွဲလိုက်ပြီး ၎င်းအနေဖြင့် တုံ့ပြန်ရန်အတွက် သွင်းကုန်အပေါ် ကောက်ခံမည့် ထပ်ဆောင်းအခွန်ပမာဏနှင့်ကန့်သတ်ပမာဏများအပါအဝင် လုပ်ဆောင်နိုင်သည်များကို စဉ်းစားသုံးသပ်လျက်ရှိကြောင်း ပြောသည်။

ထို့ပြင် တရုတ်နိုင်ငံသည် စက်မှုလုပ်ငန်းများအတွက် အရေးပါသော သံမဏိနှင့်အလူမီနီယံကို ပြည်ပသို့တင်ပို့ရန်အတွက် ထောက်ပံ့ငွေများပေးအပ်ထားသည်ဟူသော အမေရိကန်ကုန်သွယ်ရေးဝန်ကြီးဌာနမှ အစီရင်ခံစာနှစ်ခုကို လက်ခံရရှိထားကြောင်း ထရမ့်က ပြောသည်။

တရုတ်နိုင်ငံအပေါ် လက်တုံ့ပြန်လုပ်ဆောင်နိုင်ဖွယ်ရှိမှုနှင့်ပတ်သက်၍ နှစ်လအတွင်းဆုံးဖြတ်မည်ဖြစ်သော်လည်း အမြန်ဆုံးတုံ့ပြန်ရန် ထရမ့်ကစိတ်အားထက်သန်နေကြောင်း သိရသည်။

အလားတူ အမေရိကန်အစိုးရသည် တရုတ်နှင့်အခြားနိုင်ငံများ၏ ကုန်ပစ္စည်းများ အလွန်အမင်းထုတ်လုပ်နေခြင်းကို ကိုင်တွယ်ဖြေရှင်းပြီး အမေရိကန်ပြည်ထောင်စု၏ အကျိုးစီးပွားကို ထင်ဟပ်ပြသပေးနိုင်သည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်မည်ဖြစ်ကြောင်း ထရမ့်က ဆက်ပြောသည်ဟု သိရသည်။

***Ref: AFP***

## တောင်တရုတ်ပင်လယ်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေး တရုတ်နှင့်ဖိလစ်ပိုင်တို့က အထူးဆွေးနွေးရေးအဖွဲ့ ဖွဲ့စည်းရန်သဘောတူ

မနီလာ ဖေဖော်ဝါရီ ၁၄

တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့သည် တောင်တရုတ်ပင်လယ်၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ပူးပေါင်းရှာဖွေရေးအတွက် အထူးဆွေးနွေးရေးအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းရန် သဘောတူလိုက်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်ထုတ်ပြန်ချက်အရ သိရသည်။

တရုတ်အစိုးရသည် နှစ်စဉ်ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြတ်သန်းခ အမေရိကန်ဒေါ်လာ ၅ ဘီလီယံရရှိနေသော တောင်တရုတ်ပင်လယ်ရှိ ရေပိုင်နက်အားလုံးနီးပါးသည် ၎င်းတို့၏ထိန်းချုပ်မှုအောက်တွင်ရှိကြောင်းပြောထားပြီး အဆိုပါပင်လယ်ရှိ ရေပိုင်နက်အငြင်းပွားမှုတွင် ဘရူနိုင်း၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့ပါဝင်လျက်ရှိကြောင်းသိရသည်။

ဖွံ့ဖြိုးအင်ပူးပေါင်းရှာဖွေရာတွင် လုပ်ငန်းစဉ်ဆွေးနွေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းရန်ဆုံးဖြတ်ခြင်းသည် အဓိကအောင်မြင်မှုတစ်ခုဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ် ချိုတိုရိုမာနာက ဖေဖော်ဝါရီ ၁၃ ရက်နှောင်းပိုင်းတွင် သတင်းထောက်များအားပြောသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့အရင်းအမြစ်များကို ရှာဖွေပိုင်ခွင့်ရှိကြောင်း ၎င်းနှစ်နိုင်ငံစလုံးက အခိုင်အမာပြောဆိုနေစဉ် ပူးပေါင်းစီမံကိန်းအတွက် သဘောတူညီချက်ထွက်ပေါ်လာမှုသည် အလွန့်အလွန်ခက်ခဲရှုပ်ထွေးမည်ဖြစ်ကြောင်း သိရသည်။

ပူးပေါင်းဆောင်ရွက်ရန်ကြိုးပမ်းမှုသည် ၁၉၈၆ ခုနှစ်တွင် ပထမအကြိမ်ပေါ်ပေါက်ခဲ့သော်လည်း အငြင်းပွားမှုနှင့်အချုပ်အခြာအာဏာကိစ္စရပ်တို့ကြောင့် ရပ်တန့်ခဲ့ကြောင်း သတင်းဌာနတစ်ခု၏ ထုတ်ပြန်ချက်အရ သိရသည်။

***Ref: Reuters***

## ရိုးပြတ်များ မီးရှို့မှုတားဆီးရန် အိန္ဒိယစီစဉ်ထားသည့် အသုံးစရိတ်က အကြံပေးအဖွဲ့ခန့်မှန်းအသုံးစရိတ်ထက်နည်းနေ

နယူးဒေလီ ဖေဖော်ဝါရီ ၁၄

နိုင်ငံအတွင်းရှိ ရိုးပြတ်များမီးရှို့မှုကိုတားဆီးရန် နှစ်နှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၂၃၀ အသုံးပြုမည့် အိန္ဒိယအစိုးရ၏ အစီအစဉ်သည် နိုင်ငံ၏မူဝါဒဆိုင်ရာ အကြံပေးအဖွဲ့၏ ခန့်မှန်းအသုံးစရိတ်ထက်နည်းနေပြီး လေထုညစ်ညမ်းမှုတားဆီးရန် အနည်းငယ်သာလုပ်ဆောင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ အစိုးရအဖွဲ့သည် ယခုလအစောပိုင်းတွင် ယင်းအစီအစဉ်ကို အဆုံးသတ်ရန် မျှော်လင့်ထားကြောင်း ဆွေးနွေးပွဲ၌ပါဝင်သည့် အစိုးရတာဝန်ရှိသူသုံးဦးက Reuters သတင်းဌာနသို့ ပြောသည်။

စီစဉ်ထားသည့် အသုံးစရိတ်သည် ပြီးခဲ့သည့်နှစ်နှိုဝင်ဘာလတွင် အစိုးရမူဝါဒဆိုင်ရာ အကြံပေးအဖွဲ့ ခန့်မှန်းထားသည့် တစ်နှစ်လျှင်အမေရိကန်ဒေါ်လာသန်း ၆၀၀ ထက်အလွန်နည်းနေပြီး အကြံပေးအဖွဲ့က ယင်းပမာဏကို အစိုးရထံသို့ အကြံပြုထားခြင်းရှိ၊ မရှိကိုမူ ရှင်းရှင်းလင်းလင်းမသိရသေးကြောင်း သိရသည်။

ရိုးပြတ်များ မီးရှို့မှုသည် လေထုညစ်ညမ်းမှုလေးပုံတစ်ပုံကိုဖြစ်ပွားစေကာ ပြီးခဲ့သည့်နှစ်နိုဝင်ဘာလတွင် ဒေလီမြို့၌ မြူခိုးများဖုံးလွှမ်းခဲ့ကြောင်း သဘာဝပတ်ဝန်းကျင်၊ သစ်တောနှင့် ရာသီဥတုပြောင်းလဲရေးဝန်ကြီးဌာနက ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ပြောသည်။

ဒေလီမြို့၌ ဆောင်းရာသီ နီးကပ်လာစဉ်လေတိုက်မှုနည်းပါးသည့်အတွက် ရိုးပြတ်များမီးရှို့မှု အမှုန်များသည် စက်မှုညစ်ညမ်းမှု၊ ယာဉ်မှုခိုးများ၊ ဖုန်မှုန့်များနှင့်ပေါင်းစပ်ကာ လေထုကို ပိုမိုညစ်ညမ်းစေကြောင်း သိရသည်။

အဆိုပြုထားသော ယင်းအစီအစဉ်သည် ဒေလီမြို့အနီးရှိ ပန်ဂျပ်၊ ဟာရာနာနှင့် အွတ်တာပရာဒေ့ပြည်နယ်သုံးခု၌ ရိုးပြတ်များကိုဖယ်ရှားရန် စက်ယန္တရားကုန်ကျစရိတ် ၈၀ ရာခိုင်နှုန်းအတွက် လယ်သမားများအား ငွေများပေးအပ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ပြင် ယင်းအစီအစဉ်သည် ဆောင်းရာသီစိုက်ပျိုးမှုမတိုင်မီ လယ်သမားများ၏ ရိုးပြတ်များမီးရှို့မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်းသိရသည်။

***Ref: Reuters***

## ဓာတုလက်နက်များဖြင့် တိုက်ခိုက်သည်ဟု သက်သေပြနိုင်ပါက ဆီးရီးယားကို စစ်ရေးအရတိုက်ခိုက်မည်ဟု မက်ခရွန်ပြော

ပဲရစ် ဖေဖော်ဝါရီ ၁၄




ဆီးရီးယားနိုင်ငံ၌ အစိုးရက ပြည်သူများအပေါ် ဓာတုလက်နက်များအသုံးပြု၍ တိုက်ခိုက်ခဲ့သည်ဟု သက်သေပြနိုင်ပါက ယင်းနိုင်ငံကို စစ်ရေးအရတိုက်ခိုက်မည်ဟု ပြင်သစ်သမ္မတ အီမန်နျူယယ်မက်ခရွန်က ပြောကြောင်းသိရသည်။

ဆီးရီးယားအစိုးရသည် နိုင်ငံအတွင်းရှိ ပြည်သူများ အစုလိုက်အပြုံလိုက်သေစေနိုင်သည့် လက်နက်များဖြင့် တိုက်ခိုက်ခဲ့သည်ဟု သက်သေပြနိုင်ပါက ပြင်သစ်နိုင်ငံအနေဖြင့် အဆိုပါလက်နက်များဖြင့် အသုံးပြုတိုက်ခိုက်သည့်နေရာများအပေါ် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း မက်ခရွန်က ဖေဖော်ဝါရီ ၁၃ ရက်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

သို့သော် ဆီးရီးယားအစိုးရက ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်ခဲ့သည်ဟူသော သက်သေများရရှိထားခြင်းမရှိသေးကြောင်း သိရသည်။

ဆီးရီးယားရှိ အတိုက်အခံအဖွဲ့ကိုထောက်ခံသည့်အဖွဲ့အစည်းများ၊ ဗြိတိန်အခြေစိုက် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့နှင့် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တို့ကမူ ဆီးရီးယားအစိုးရသည် နိုင်ငံအနောက်မြောက်ပိုင်းရှိ စစ်သွေးကြွများကို ကလိုရင်းဓာတ်ငွေ့များဖြင့် တိုက်ခိုက်သည်ဟု ပြီးခဲ့သည့်လတွင် စွပ်စွဲပြောဆိုထားသည်။

ထို့ပြင် ဆီးရီးယားအစိုးရသည် ဓာတုလက်နက်များကို အသုံးပြုခဲ့သည်ဟု ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ကလည်း ယခုလ ၆ ရက်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ပြောသည်။

အဆိုပါစွပ်စွဲချက်များကို ကုလသမဂ္ဂဆိုင်ရာ ဆီးရီးယားသံအမတ်က ငြင်းဆိုထားသည်။ ဆီးရီးယားနိုင်ငံ၌ တိုက်ခိုက်မှုများစတင်ဖြစ်ပွားသည့် ၂၀၁၁ ခုနှစ်မှစ၍ အစိုးရတပ်များသည် ဓာတုလက်နက်များကို အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု အနောက်နိုင်ငံများက အကြိမ်ပေါင်းများစွာစွပ်စွဲထားသော်လည်း ယင်းစွပ်စွဲချက်များကို ဆီးရီးယားအစိုးရက ငြင်းဆိုထားကြောင်း သိရသည်။

***Ref: Sputnik***



## တောင်အာဖရိက၌ မိုးခေါင်ရေရှားမှုကြောင့် အမျိုးသားသဘာဝကပ်ဘေးအဖြစ် ထုတ်ပြန်

ဂျိုဟန်နက်စဘတ် ဖေဖော်ဝါရီ ၁၄

တောင်အာဖရိကနိုင်ငံ၌ ကိပ်တောင်းမြို့အပါအဝင်နိုင်ငံတောင်ပိုင်းနှင့် အနောက်ပိုင်းရှိ ဒေသများ၌ ဖြစ်ပွားနေသည့် မိုးခေါင်ရေရှားမှုကြောင့် အစိုးရက နိုင်ငံအတွင်း၌ အမျိုးသားသဘာဝကပ်ဘေးအဖြစ် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်နှစ်ခန့်တွင် စတင်ဖြစ်ပွားသည့် မိုးခေါင်ရေရှားမှုသည် ယခုအခါ ပိုမိုဆိုးရွားလာပြီး ကိပ်တောင်းမြို့တည်ရှိရာ အနောက်ပိုင်းကိပ်ဒေသ၊ မြောက်ပိုင်းကိပ်ဒေသနှင့် အရှေ့ပိုင်းကိပ်ဒေသတို့အနီးတစ်ဝိုက်၌ ဖြစ်ပေါ်လာသော ရာသီဥတုပြောင်းလဲမှုသည် လူဦးရေလေးသန်းခန့်နေထိုင်သည့် ကိပ်တောင်းမြို့ကို အကြီးအကျယ်ထိခိုက်စေခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်းဖြစ်ပွားနေသည့် ရေရှားမှုသည် စက်မှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးကဏ္ဍကိုပါ အကျိုးသက်ရောက်စေသည်။

ထို့ကြောင့် နိုင်ငံအတွင်း ဖြစ်ပွားနေသည့် မိုးခေါင်ရေရှားမှုအခြေအနေနှင့် ပြင်းထန်မှုကို အစိုးရက ပြန်လည်သုံးသပ်ပြီးနောက် အမျိုးသားသဘာဝကပ်ဘေးအဖြစ် သတ်မှတ်ကာ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် ကိပ်တောင်းမြို့ရှိ ပြည်သူများ၏ နေ့စဉ်ရေအသုံးပြုမှုပမာဏသည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း လီတာ ၅၂၆ သန်းအထိကျဆင်းလာပြီး မြို့အတွင်းရှိ ဟိုတယ်များအနေဖြင့် လာရောက်တည်းခိုသူခရီးသည်များအား ရေချိုးသန့်စင်ရာတွင် ရေသုံးစွဲမှုကို အများဆုံး ၂ မိနစ်သာ သတ်မှတ်ထားကြောင်းသိရသည်။

***Ref: Reuters***

www.facebook.com/themyawadydaily

# ထောက်ခံမှု ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာသည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်

**ရှိန်းထက်**



အမေရိကန်၌ သမ္မတဒေါ်နယ်ထရမ့်တက်လာခဲ့သည့် ၂၀၁၇ ခုနှစ်အစပိုင်းကတည်းက ဝေဖန်မှုများနှင့် ဆန့်ကျင်မှုများမြင့်တက်လာရာမှ ယခုအချိန်တွင် အမြင်တချို့ ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

အမေရိကန်သမိုင်းတွင် မရှိဖူးသေးသော အဆိုးရွားဆုံးဝေဖန်တိုက်ခိုက်ခံရသည့်သမ္မတအဖြစ်အပြင် ဝေဖန်မှုကို ဂရုမစိုက်တတ်သည့် သမ္မတဟု နာမည်များရထားသော သမ္မတထရမ့်က ယခုတော့ လူထုစစ်တမ်းထောက်ခံမှု ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီဖြစ်သည်။ ယင်းစစ်တမ်းကို Quinnipiac တက္ကသိုလ်က ကောက်ယူခဲ့ခြင်းဖြစ်ပြီး ခုနှစ်လအတွင်း အကောင်းဆုံးလူထုစစ်တမ်းအဖြစ် ထရမ့်အတွက် ဂုဏ်ယူစရာဖြစ်နေသည်။ အမေရိကန်သည် ကမ္ဘာပေါ်၌ အကောင်းဆုံး စီးပွားရေးနှင့်စစ်ရေးကို ပိုင်ဆိုင်ထားသည့် နိုင်ငံဟုဆိုသော်လည်း တခြားနိုင်ငံများနည်းတူ အိမ်ရာမဲ့နှင့် အလုပ်လက်မဲ့များလည်းရှိနေသည်။ ထိုအရာကိုဖြေရှင်းနိုင်မည့်သမ္မတတစ်ဦးလည်း အမေရိကန်၌ လိုအပ်နေသည်။ ထရမ့်က ထိုရာသီတာကို သူ့အင်အားအဖြစ် အသုံးချလိုက်ခြင်းဖြစ်သည်။

အမေရိကန်သာ ပထမဆိုသည့်စကားလုံးအတိုင်း နိုင်ငံတကာနှင့် ကမ္ဘာကြီးကို ဆန့်ကျင်ကာ ယခုဂုဏ်ပုဒ်ကို ထရမ့်က အရယူထားခြင်းဖြစ်သည်။ ကျောက်မီးသွေးစက်ရုံများကို ပြန်လည်လည်ပတ်စေပြီး အလုပ်အကိုင်များဖန်တီးပေးခဲ့ကာ အမေရိကန်အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်သည့် သမ္မတတစ်ဦးအဖြစ် ထရမ့်က သူ့ကိုယ်သူလုပ်ယူနေခြင်းဖြစ်သည်။ သို့သော် ယခုရလဒ်၏နောက်ကွယ်တွင် စိုးရိမ်မှုများရှိနေသည်။

ပထမတစ်ချက်က ရုရှားနှင့်ဆက်ဆံရေးပင်ဖြစ်သည်။ အမေရိကန်အများစုက ရုရှားနှင့်ဆက်ဆံရေးကို မကြိုဆိုကြဘဲ အထူးသဖြင့် ဒီမိုကရက်တစ်တို့ဖြစ်သည်။ လွှတ်တော်၌ ထရမ့်မိန့်ခွန်းပြောခြင်းကိုပင် အဆုံးတွင် လက်ခုပ်မတီးသည့် ဒီမိုကရက်တစ်များစွာရှိသည်။ ထရမ့်က လူသေကောင်များထိုင်နေသကဲ့သို့ ဥပမာပေးကာ ဝေဖန်တိုက်ခိုက်ခဲ့သည်။

မတူညီမှုများကို ပူးတွဲလုပ်ဆောင်ရမည့်အစား ၎င်းတို့က ဆန့်ကျင်ဘက်သို့သာသွားနေကြသည်ဟုဆိုသော်လည်း မည်သူကမှ အမြင်ပြောင်းပြောင်း ဒီမိုကရက်တစ်တို့က လုံးဝပြောင်းလဲသွားမည်မဟုတ်ပေ။ ကမ္ဘာကသိအောင် ထရမ့်က ၎င်းတို့ကိုတိုက်ခိုက်ထားဖူးသည့်စကားလုံးများက မေ့မရနိုင်အောင်ဖြစ်နေသည်။ ထို့ပြင် ရွေးကောက်ပွဲ၌ ၎င်းတို့မနိုင်ရခြင်းက ရုရှားတို့၏ ဆိုက်ဘာတိုက်ခိုက်မှုကြောင့်ဖြစ်သည်ဟု တထစ်ချယုံကြည်နေသည်။

ထိုအတွက် အထူးစုံစမ်းရေးမှူး ရောဘတ်မူလာကိုပင် ယခုထပ်မံစုံစမ်းခိုင်းနေပြန်သည်။ ထိုအတွက် အကာအကွယ်ရရန် ယခုကဲ့သို့ လူထုထောက်ခံမဲစစ်တမ်းထွက်လာစေရေး ထရမ့်က ပူးတွဲကြံစည်နေသည်ဟုလည်း ဆိုကြသည်။ နိုင်ငံရေးလေ့လာသုံးသပ်သူများက ထရမ့်ကိုထောက်ခံပေးနေခြင်းက အမေရိကန်၏ နိုင်ငံရေးအန္တရာယ်ကို ဖိတ်ခေါ်ပေးနေသကဲ့သို့ဖြစ်နေသည်ဟု ဆိုကြသည်။ ပြောလည်းပြောချင်စရာပင်ဖြစ်သည်။ ထရမ့်က ရုရှားမှ ရုရှားဖြစ်သည်။ ထရမ့်၏အမြင်တွင် ဥရောပပင် ရုရှားလောက် အရေးမပါဘဲဖြစ်နေသည်။

ထိုအတွက်ကြောင့်ပင် ထရမ့်၏ရှေ့နေက ရောဘတ်မူလာနှင့်ထရမ့် မတွေ့ရန် အကြံပြုထားသည်။ ဒီမိုကရက်တစ်တို့အတွက်က မူလာ၏စစ်တမ်းကိုပင် စောင့်မျှော်နေကြကာ ထရမ့်နှင့်ရုရှားတို့၏ ပတ်သက်မှုတစ်စုံတစ်ရာတွေ့လျှင် နောက်ဆုံးတွင် ထရမ့်ကို သမ္မတရာထူးမှ မပြုတ်ပြုတ်အောင်လုပ်ကြတော့မည်ဖြစ်သည်။

ဒုတိယတစ်ချက်က အမေရိကန်၏ နိုင်ငံရေးပြဿနာဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို လျစ်လျူရှုမှုကြောင့် ကျဆင်းလာခဲ့သည့် အမေရိကန်၏ပြဿနာနောက်ကွယ်တွင် နောက်ဆက်တွဲများရှိနေသည်။ ထိုအရာက စီးပွားရေးဖြစ်သည်။ ယခု အမေရိကန်ကို ပစ်ပယ်ချင်သည့်နိုင်ငံအတော်များများပင် ရှိနေပြီဖြစ်သည်။ ထရမ့်လုပ်ခဲ့သည့် အမေရိကန်သာ ပထမဆိုသည့်လုပ်ရပ်များကြောင့်ဖြစ်သည်။ ထရမ့်က ၎င်း၏နိုင်ငံကောင်းစားဖို့ဆိုလျှင် နိုင်ငံတကာကိုပဲ ဆန့်ကျင်ရဆန့်ကျင်ရ ကုလသမဂ္ဂကိုပဲ ဆန့်ကျင်ရဆန့်ကျင်ရ ယခု ကမ္ဘာကြီးကိုပင် ၎င်း၏နိုင်ငံကောင်းစားရေးအတွက် ဆန့်ကျင်နေပြီဖြစ်သည်။

ယခု မက္ကဆီကိုနှင့် ကနေဒါနိုင်ငံတို့က အမေရိကန်အစား တရုတ်ကိုချဉ်းကပ်နေကြပြီဖြစ်သည်။ ထိုအရာက ထရမ့်အတွက် အဆင်မပြေဆုံးအရာဖြစ်သည်။ ထိုသို့ဖြစ်အောင်လည်း ၎င်း၏ အမေရိကန်သာ ပထမဆိုသည့်အရာက လုပ်နေခြင်းဖြစ်သည်။ ထရမ့်က အမြတ်အတွက်သာကြည့်ပြီး ပစိဖိတ်ဖြတ်ကျော်စီးပွားရေးစီမံကိန်း (TPP) မှ နုတ်ထွက်သည်။ ကနေဒါနှင့်မက္ကဆီကိုတို့ ပါဝင်သည့် လွတ်လပ်သော အမေရိကန်ကုန်သွယ်ရေးစာချုပ်ကိုရပ်ဆိုင်းခဲ့သည်။ ထို့အတွက် ထရမ့်ပြန်ရသည်က ၎င်းနိုင်ငံနား အထိ တရုတ်၏လွှမ်းမိုးမှု ရောက်ရှိစေသည်။

တရုတ်တို့ကလည်း အမေရိကန်ကိုကျော်ရဖို့ဆိုလျှင် ၎င်းတို့ထံသို့ ချဉ်းကပ်လာသည့် နိုင်ငံတိုင်းကိုမလွှတ်တမ်းပေါင်းသည်။ အမေရိကန်ကို ရသည့်အပေါက်မှဝင်ရန် ချောင်းနေသည်။ ယခုထရမ့်က ထိုအပေါက်ကိုဖန်တီးပေးသူဖြစ်နေသည်။ မကြာမီ ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့၌ တရုတ်ကုမ္ပဏီများစွာရောက်ရှိလာရန်ရှိနေပြီး အမေရိကန်အတွက် စောင့်ကြည့်စရာများစွာရှိလာမည်ဖြစ်သည်။

CIA အတွက် အလုပ်များစွာပိုလာမည်ဖြစ်ကာ တရုတ်တို့၏ ခြေလှမ်းကဲ့များကြောင့် ထရမ့်အတွက် အလုပ်ပိုဦးမည်ဖြစ်သည်။ နောက်ပိုင်းတွင် အမေရိကန်တို့ ရုရှားအစား တရုတ်ကို ပိုမိုအလေးပေးစောင့်ကြည့်လာကြကာ ဥရောပကလည်း တရုတ်ဘက်သို့ ရောက်နေသောကြောင့်ဖြစ်သည်။ တစ်ချိန်တုန်းက အမေရိကန်မှအမေရိကန်ဖြစ်ခဲ့သည့် ဥရောပက ယခုတရုတ်ဘက်ကို အသားပေးလာသည်။ ကုန်သွယ်ရေးလမ်းကြောင်းဆိုလျှင်လည်း တရုတ်နှင့်ပိုများကာ အမေရိကန်နှင့်နည်းလာသည်။

စစ်ရေးလည်း ပူးပေါင်းလာပြီး ၎င်းကိုဦးစားပေးသည့်တရုတ်ကို အမှန်အကန်ပေါင်းရန် ခြေလှမ်းများကစိုင်းပြင်းနေသည်။ ထရမ့်က ၎င်း၏စီးပွားရေးကို အရင်းလုပ်ယူပြီး ဆက်ဆံရေးကို နောက်မှလိုက်မည့်အစီအစဉ်ဖြစ်သည်။ သို့သော် တရုတ်တို့၏ခြေလှမ်းက ၎င်းထင်ထားသည်ထက် ပိုဦးနေလျှင် ထရမ့်အတွက် ခက်တော့မည်ဖြစ်သည်။

ယခု ထရမ့်၏ ပြည်တွင်းထောက်ခံမဲက ၄၀ ရာခိုင်နှုန်းအထိ တိုးတက်လာသောကြောင့် အကောင်းဘက်ကမြင်ပေးရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**Ref;BBC**

# အီလက်ထရွန်နစ်ငွေပေးချေမှုများတိုးတက်လာစေရန် ဘဏ်လုပ်ငန်းရှင်များနှင့် Visa ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၄

အီလက်ထရွန်နစ် ငွေပေးချေမှုများ စဉ်ဆက်မပြတ် တိုးတက်လာစေရန် Visa မှ ဦးစီး၍ ဘဏ်လုပ်ငန်းရှင်များနှင့် ဆွေးနွေးခဲ့ကြောင်း Visa Myanmar ၏ Country Manager Arturo Planell ထံမှသိရသည်။

ထိုသို့ပြုလုပ်ရခြင်းမှာ အီလက်ထရွန်နစ်ငွေပေးချေမှုများသည် နှစ်ဦးနှစ်ဖက်အကျိုးရှိစေသည့်အပြင် ထိရောက်မှု ပွင့်လင်းမြင်သာမှုနှင့် နိုင်ငံအတွင်း ငွေကြေးဆိုင်ရာ ဒုစရိုက်လုပ်ငန်းများကို လျော့နည်းစေကြောင်း၊ ကုန်သည်များအနေဖြင့် ရောင်းဝယ်ဖောက်ကားမှုများ ပိုမိုမြင့်တက်လာဖွယ်ရှိပြီး ကမ္ဘာတစ်ဝန်းရှိ Visa ကတ်ကိုင်ဆောင်သူများနှင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်မှုရှိလာကာ ၂၄ နာရီနှင့် ၄၈ နာရီကြား အာမခံချက်ရှိသော ငွေပေးချေမှုကို ရရှိစေနိုင်သည့်အတွက် လုပ်ဆောင်ရခြင်းဖြစ်သည်။

"စားသောက်ဆိုင်တွေနဲ့ စူပါမားကက်ဆိုင်ခွဲတွေအပါအဝင် နေရာပေါင်း ၇၅၀၀ ကျော်မှာ Visa ကတ်ကို သုံးစွဲလို့ရနေပါပြီ။ Visa ကတ် လက်ခံအသုံးပြုနိုင်တဲ့နေရာတွေ ပိုမိုများပြားလာဖို့ လုပ်နေပါတယ်။ အဓိကက Visa ကတ်သုံးစွဲသူတွေ ဘယ်နေရာမှာပဲသုံးသုံး အဆင်ပြေချောမွေ့တဲ့ ဝန်ဆောင်မှုကို ဖန်တီးပေးချင်တာပါ။ ဒါပေမဲ့ Visa ကတ်သုံးစွဲသူတွေအနေနဲ့ ကတ်ကို ဘယ်လိုအသုံးပြုရမယ်၊ ကုန်သည်တွေအနေနဲ့ ကတ်လက်ခံတဲ့အခါ အကောင်းဆုံးလုပ်ထုံးလုပ်နည်းတွေကို ဘယ်လိုလိုက်နာရမယ်ဆိုတာနဲ့ပတ်သက်ပြီး ပညာပေးမှုတွေ ဆက်လက်လုပ်ဆောင်ဖို့ လိုပါတယ်" ဟု Arturo Planell ကပြောသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေပေးချေမှုကုမ္ပဏီများကို ပြည်တွင်းငွေပေးချေမှုဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုသည့်အချိန်မှစ၍ မြန်မာနိုင်ငံ၌ အီလက်ထရွန်နစ်ငွေပေးချေမှုများ အောင်မြင်လာသကဲ့သို့ အသုံးပြုမှုလည်း များပြားလာကြောင်း သိရသည်။

**H.O**

# ရန်ကုန်မြို့၌ ကမ္ဘာ့ရွှေဈေးကွက်သို့ ပထမခြေလှမ်း ဆွေးနွေးပွဲ ပြုလုပ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

Victory Investment Fund(VIF)မှ ကြီးမှူး၍ ကမ္ဘာ့ရွှေဈေးကွက်ကို လေ့လာလိုသူများနှင့် အရောင်းအဝယ်ပြုလုပ်လိုသူများအတွက် ကမ္ဘာ့ရွှေဈေးကွက်သို့ပထမခြေလှမ်း (First Step to Global Gold Market) အမည်ရှိ ဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ VIF သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ကမ္ဘာ့ရွှေဈေးကွက်အလားအလာ၊ မြန်မာ့ရွှေနှင့်ကမ္ဘာ့ရွှေဆက်နွယ်မှု၊ မြန်မာ့ရွှေဈေးမည်မျှအထိ မြင့်တက်နိုင်သည်ကို ခန့်မှန်းတွက်ချက်ပုံ၊ ကမ္ဘာ့ရွှေဈေးခန့်မှန်းတွက်ချက်ပုံ၊ ရွှေအရောင်းအဝယ်မည်သို့လုပ်ကိုင်သနည်း၊ ရွှေဝယ်ထားရင် မြတ်နိုင်သလား၊ လက်ရှိအနေအထားမှာ ရွှေရောင်းသင့်၊ မရောင်းသင့် စသည့်အကြောင်းအရာများကို ရွှေဈေးကွက်အတွင်းရှိ လုပ်ငန်းရှင်များက ဦးဆောင်ဆွေးနွေးမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲသို့ တက်ရောက်လိုသူများအနေဖြင့် VIF Myanmar ဖုန်း ၀၉-၉၆၄၄၄၄၆၁၁၆ နှင့် ၀၉-၄၅၆၉၉၉၉၅၁ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။



**ဝင်းရှိန်**



## စပါးကို သုံးဂိုးပြတ်အနိုင်ရမည်ဟု မထင်သင့်ကြောင်း ဂျူဗင်တပ်စ်နည်းပြ အလီဂရီဖွင့်ဟ

တူရင် ဖေဖော်ဝါရီ ၁၄

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲအဖြစ် ယမန်နေ့ညက ဂျူဗင်တပ်စ်ကွင်း၌ စပါးနှင့်ယှဉ်ပြိုင်ကစားခဲ့ရာ ဂျူဗင်တပ်စ်အသင်းသည် နှစ်ဂိုးပြတ်ဦးဆောင်ပြီးမှ ချေပဂိုးနှစ်ဂိုးပြန်ပေးပြီး ပယ်နယ်တီတစ်လုံးလည်း လွဲချော်ခြင်းကြောင့် နှစ်ဂိုးစီသရေကျခဲ့သည်။ ဂျူဗင်တပ်စ်အတွက် ဟီဂွာအင်က နှစ်ဂိုးသွင်းပြီး စပါးဘက်မှ ဟယ်ရီကိန်းနှင့် အဲရစ်ဆင်တို့က တစ်ဂိုးစီပြန်သွင်းခဲ့သည်။

အိမ်ကွင်း၌ နှစ်ဂိုးစီသရေကျခဲ့ခြင်းကို လူအများက မိမိအသင်းအတွက် ကပ်ဆိုးဆိုက်ကာ အလွန်စိတ်ပျက်စရာဖြစ်စေမည်ဟုထင်လျှင်မှားကြောင်း ဂျူဗင်တပ်စ်နည်းပြ အလီဂရီက ပြောသည်။ "ကျွန်တော်တို့အသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အောင်ပွဲခံနိုင်ဖို့ ရည်မှန်းထားတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ရေပန်းစားတဲ့အသင်းမဟုတ်ပါဘူး။ နှစ်တိုင်းလည်း ဗိုလ်လုပွဲတက်နိုင်တာမျိုးမဟုတ်ပါဘူး။ လူတွေက ဒီရလဒ်ကို လက်ခံနိုင်ဖို့ ခက်မယ်။ နှစ်မှန်းသွားပြီလို့ ထင်နေကြတယ်။ ချန်ပီယံလိဂ် နှုတ်ထွက်အဆင့်မျိုးမှာ ဘယ်ပြိုင်ဘက်ကိုမဆို ကျွန်တော်တို့က သုံးဂိုးပြတ်နဲ့ နိုင်လိမ့်မယ်လို့ မှန်းဆတာက မှားယွင်းမှုပါပဲ။ ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားခဲ့ကြတာပဲ" ဟု ပြောသည်။ ဂျူဗင်တပ်စ်အသင်းတွင် ယခုပွဲ၌ ဒိုင်ဘာလာနှင့် မာတိုင်ဒီတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်သော်လည်း စပါးကွင်း၌ ကစားရမည့် ဒုတိယအကျော့၌ ပြန်လည်ကစားနိုင်မည်ဖြစ်သည်။ **Ref:Dailymail**

## စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲကို မက်ထရိုပိုလီတာနိုကွင်း၌ ကျင်းပမည်

မက်ဒရစ် ဖေဖော်ဝါရီ ၁၄

ဘာစီလိုနာနှင့် ဆီဗီလာတို့၏ စပိန်ဘုရင့်ဖလား ဗိုလ်လုပွဲကို အက်သလက်တီကိုမက်ဒရစ်အသင်း၏ မက်ထရိုပိုလီတာနိုကွင်း၌ လက်ခံကျင်းပမည်ဖြစ်ကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ်မှ ဖေဖော်ဝါရီ ၁၂ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ဗိုလ်လုပွဲကို ဧပြီ ၂၁ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဗလင်စီယာကို ကျော်ဖြတ်လာနိုင်သော ဘာစီလိုနာမှာ နောက်ဆုံးသုံးနှစ်ဆက် စပိန်ဘုရင့်ဖလားရထားသည့်အသင်းဖြစ်သကဲ့သို့ ဆီဗီလာသည်လည်း လီဂါနက်စ်အား ကျော်ဖြတ်လာသည့် လီဂါနက်စ်အား အနိုင်ရကာ ဗိုလ်လုပွဲတက်လာခြင်းဖြစ်သည်။

ယခုကစားရမည့် မက်ထရိုပိုလီတာနိုကွင်း၌ ယခုရာသီတွင် အက်သလက်တီကိုအသင်း အိမ်ကွင်းသစ်အဖြစ် စတင်ကစားသောကွင်းဖြစ်ကာ ပရိသတ် ၆၈၀၀၀ ဝင်ဆံ့ပြီး ၂၀၁၉ ခုနှစ်တွင် ချန်ပီယံလိဂ် ဗိုလ်လုပွဲလက်ခံကစားမည့်ကွင်းကြီးလည်းဖြစ်သည်။ **Ref:Marca**

## ချယ်လ်ဆီးနှင့် ဘာစီလိုနာ ချန်ပီယံလိဂ်ပွဲတွင် မက်ဆီကို ထိန်းချုပ်ရန်ခက်မည်ဟု မိုရာတာပြော

လန်ဒန် ဖေဖော်ဝါရီ ၁၄

ချယ်လ်ဆီးအသင်း၏ စပိန်တိုက်စစ်မှူး မိုရာတာက ဖေဖော်ဝါရီ ၂၀ ရက်တွင် အိမ်ကွင်း၊ မတ် ၁၄ ရက်တွင် အဝေးကွင်း၌ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီကို ထိန်းချုပ်ရန် ခက်ခဲမည်ဟုပြောသည်။



မက်ဆီသည် ချယ်လ်ဆီးနှင့် ရှစ်ပွဲကစားဖူးရာ ၂၉ ကြိမ် ဂိုးကန်ခွင့်ရသော်လည်း တစ်ဂိုးမှ သွင်းယူနိုင်ခြင်းမရှိသည့်ကြားမှ မိုရာတာက "မက်ဆီဆိုတဲ့ ကစားသမားက ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ကျွန်တော်တို့ ပထမအကျော့ အိမ်ကွင်းမှာ လိုချင်တဲ့ရလဒ်ယူနိုင်ရင် ဒုတိယအကျော့ သူတို့ကွင်းမှာ ခံစစ်ကိုအားပြုကစားပြီး နေရာလွတ်တွေကို မပေးနိုင်သရွေ့ မပေးရအောင် ကြိုးစားပိတ်ဆို့ကစားဖို့ လုပ်ရမှာပါ"ဟု သုံးသပ်ပြောထားသည်။ **Ref:Dailymail**

## ဒူးဒဏ်ရာခွဲစိတ်ကုသမှုခံရခြင်းကြောင့် လာကာဇက်တီ ခြောက်ပတ်ကြာနားရမည်

လန်ဒန် ဖေဖော်ဝါရီ ၁၄

အာဆင်နယ်အသင်းမှ တိုက်စစ်မှူး လာကာဇက်တီသည် ဒူးဒဏ်ရာ ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းကြောင့် ခြောက်ပတ်ကြာ အနားယူရမည်ဖြစ်သည်။ လာကာဇက်တီသည် ဘယ်ဘက်ဒူးဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ယမန်နေ့က ခွဲစိတ်ကုသမှုခံယူခဲ့သည်။ အသေးစားခွဲစိတ်မှုဖြစ်သော်လည်း ခြောက်ပတ်ကြာ နားရနိုင်ခြင်းကြောင့် အာဆင်နယ်အသင်းအတွက် နောက်လာမည့်ခုနစ်ပွဲကို လွဲချော်ရမည်ဖြစ်သည်။

ထိုပွဲများအနက် အော်စတာဆန်နှင့် ယူရိုပါလိဂ် ၃၂ သင်းအဆင့်နှစ်ကျော့စလုံးပါဝင်သကဲ့သို့ မန်စီးတီးနှင့် အီးအက်ဖ်အယ်လ်ဖလားဗိုလ်လုပွဲနှင့် ပရီးမီးယားလိဂ်နှစ်ပွဲပါ လွဲချော်ရမည်ဖြစ်သည်။

လာကာဇက်တီသည် ပြင်သစ်လက်ရွေးစင်အသင်းက မတ် ၂၃ ရက်နှင့် ၂၇ ရက်တို့တွင် ကစားရမည့် နိုင်ငံတကာခြေစမ်းပွဲနှစ်ပွဲကိုလည်း လွဲချော်နိုင်ကြောင်း သိရသည်။ လက်ရှိတွင် လာကာဇက်တီ ဒဏ်ရာရသွားခြင်းမှာ အာဆင်နယ်၏ ယူရိုပါလိဂ်ပွဲစဉ်များအတွက် ထိခိုက်ခဲ့ရပြီး တိုက်စစ်မှူးသစ် အူဘာမီယန်းမှာ ယူရိုပါလိဂ်တွင် အာဆင်နယ်နှင့် ကစားခွင့်မရှိခြင်းကြောင့် တိုက်စစ်ပိုင်းအားနည်းရပြီဖြစ်သည်။

လာကာဇက်တီသည် အသင်းသို့ အူဘာမီယန်းရောက်လာပြီးနောက် ဒုတိယဦးစားပေးတိုက်စစ်မှူးအဖြစ်သာ ကစားခွင့်ရနေပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းနောက်ပိုင်း ပြိုင်ပွဲအရပ်ရပ်တွင် နှစ်ဂိုးသာသွင်းထားနိုင်သည်။ **Ref:Mirror**

## ဝက်စ်ဘရွန်းကို အနိုင်ရပြီးနောက် ချယ်လ်ဆီးမှာ လက်ရှိချန်ပီယံအသင်းဟု ဟာဇက်ကြုံးဝါး

လန်ဒန် ဖေဖော်ဝါရီ ၁၄

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်နှစ်ပွဲ၌ ဘုန်းမောက်နှင့် ဝက်စ်ဘရွန်းတို့ကို ဂိုးပြတ်ရှုံးပြီး အမှတ်ပေးဇယား အဆင့် (၄) အပြင်ရောက်သွားခဲ့ရသော်လည်း ဖေဖော်ဝါရီ ၁၂ ရက်ညပိုင်းက ဝက်စ်ဘရွန်းနှင့်ကစားသည့်ပွဲစဉ်၌ သုံးဂိုးပြတ်ဖြင့် ပြန်လည် နိုင်ပွဲရရှိပြီးနောက် ထိုပွဲ၌ ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုးသွင်းယူပေးသည့် တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇက်က မိမိတို့အသင်းမှာ လက်ရှိချန်ပီယံဖြစ်ကြောင်း အကောင်းဆုံးသက်သေပြနိုင်ခဲ့သည်ဟု ကြုံးဝါးသည်။

ဟာဇက်က "ကျွန်တော်တို့ နှစ်ပွဲဆက်ရှုံးခဲ့တယ်။ တစ်ခါတလေ ဘောလုံးမှာ ဒီလိုတွေဖြစ်တတ်ပေမယ့် အခု ကျွန်တော်တို့နိုင်ပွဲနဲ့ပြန်လာနိုင်ပါပြီ။ ကျွန်တော်တို့က လက်ရှိချန်ပီယံအသင်းလည်းဖြစ်တယ်။ ကျွန်တော်တို့ အသင်းအတွက် အစွမ်းကုန်ပေးဆပ်ကြမယ်။ ဘောလုံးမှာနိုင်တဲ့အခါရှိသလို ရှုံးတာလည်းရှိမယ်။ အရေးကြီးဆုံးက အားလုံးပေါင်းစုညီညာစွာနဲ့ အလုပ်လုပ်နိုင်ဖို့ပဲ။ ဒီနေ့ ဒီလို အလုပ်လုပ်နိုင်ခဲ့ကြတယ်"ဟု ကြုံးဝါးသည်။

ဟာဇက်သည် ယခုရာသီတွင် ချယ်လ်ဆီးအတွက် ၁၅ ဂိုးသွင်းနိုင်ပြီဖြစ်ကာ ယခုပွဲတွင်သာမက ဝက်ဖို့ဒ်နှင့်ပွဲတွင်ပါ ဂိုးသွင်းနိုင်ခြင်းမှာ နိုင်ငံအသင်းဖြစ်သော ဘယ်လ်ဂျီယံအသင်းမှ လက်ထောက်နည်းပြ အွန်နရီက တောင်ပံထက် ဂိုးနှင့်နီးကပ်သည်အထိ ချဉ်းကပ်ပြီး ဂိုးရနိုင်မည့်အခွင့်အရေးကို ရအောင်ကစားခဲ့၍ ဂိုးရခြင်းဖြစ်သည်ဟု ထုတ်ဖော်ပြောသည်။ **Ref:Soccerway**



## ကမ္ဘာ့တန်ကြေးအမြင့်ဆုံးဘောလုံးအသင်းအဖြစ် မန်စီးတီးရပ်တည်



ဇျူးရစ်တယ် ဖေဖော်ဝါရီ ၁၄

ဆွစ်ဇာလန်နိုင်ငံ၌ အခြေစိုက်ပြီး ကမ္ဘာ့ဘောလုံးလောကမှ စာရင်းအချက်အလက်များ ပြုစုလေ့လာသော နိုင်ငံတကာ ဘောလုံးလေ့လာသုံးသပ်ရေးအဖွဲ့ စီအိုင်ဒီးအက်စ်မှ နောက်ဆုံးထုတ်ပြန်သော တန်ကြေးအကြီးဆုံးဘောလုံးအသင်း ၅၀ စာရင်းတွင် မန်စီးတီးအသင်းမှာ ကစားသမားတန်ကြေး ပေါင် ၇၇၇ သန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေကြောင်း သိရသည်။ ယခင် နွေရာသီဈေးကွက်တွင် နေမာနှင့် အမ်ဘပ်ပီတို့ကို ခေါ်ယူခဲ့သည့် ပီအက်စ်ဂျီအသင်း ကစားသမားတန်ကြေးမှာ အမြင့်ဆုံးဖြစ်သော်လည်း မန်စီးတီးအသင်းသည် ဇန်နဝါရီဈေးကွက်တွင် ပြောင်းရွှေ့ကြေး ပေါင် ၅၇ သန်းဖြင့် ဘီလ်ဘာအို ခံစစ်မှူး လာပေါ်တီကို ခေါ်ယူခြင်းနှင့် ပြီးခဲ့သည့် နွေရာသီက ကီလီဝေါ်လ်ကာကို ပေါင် ၄၅ သန်း၊ ဂိုးသမား အီဒါဆန်ကို ပေါင် ၃၅ သန်း၊ ဘာနာဒို ဆေးလ်ဗားကို ပေါင် ၄၃ သန်း၊ ဒါနီလိုကို ပေါင် ၂၇ သန်း၊ ဘင်ဂျမင်မန်ဒီကို ပေါင် ၅၂ သန်းဖြင့် ခေါ်ယူခြင်းကြောင့် ပီအက်စ်ဂျီကို ကျော်ဖြတ်သွားနိုင်ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုကဲ့သို့ကစားသမား အင်အားအကောင်းဆုံးဖြည့်တင်းနိုင်ခြင်းကြောင့် ပရီးမီးယားလိဂ်တွင် အမှတ်ဖြတ်ကာ ဦးဆောင်နေနိုင်သကဲ့သို့ ချန်ပီယံလိဂ်နှင့် လိဂ်ဖလား၊ အက်ဖ်အေဖလားပြိုင်ပွဲလေးရပ်စလုံး၌ ဆက်လက်ရှိနေသေးသဖြင့် ဖလားလေးလုံးမျှော်လင့်နိုင်သော အနေအထားတွင် ရှိနေသည်။

ကစားသမားတန်ကြေးအများဆုံးစာရင်း၏ ဒုတိယနေရာမှ ပီအက်စ်ဂျီအသင်း၏ တန်ကြေးမှာ ပေါင် ၇၁၃ သန်းရှိသည်။ ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်တွင် ဆန်းချက်ဇ်ကို ပြောင်းရွှေ့ကြေးမပေးရသော်လည်း တစ်ပတ်ပေါင် ခြောက်သိန်းပေးခေါ်ခဲ့သည့် မန်ယူအသင်းမှာ ကစားသမားအင်အားတန်ကြေး တတိယအများဆုံးအသင်းအဖြစ် ပေါင် ၆၆၁ သန်းဖြင့် ရပ်တည်နေသည်။

အဆိုပါစာရင်းတွင် အင်္ဂလန်ပရီးမီးယားလိဂ် အသင်းများ ထိပ်တန်းစာရင်း၌ များစွာပါဝင်နေပြီး အဲဗာတန်အသင်းကစားသမားတန်ကြေးသည်ပင်လျှင် ဂျာမန်ထိပ်သီး ဘိုင်ယန်အသင်းတန်ကြေးထက် မြင့်နေသည်။ ဘိုင်ယန်အသင်း ကစားသမားတန်ကြေးမှာ ပေါင် ၃၂၁ သန်းရှိနေပြီး အဲဗာတန်အသင်းကစားသမားတန်ကြေးမှာ ပေါင် ၃၂၃ သန်းရှိနေသည်။ အဲဗာတန်နည်းပြ ဆမ်အလာဒိုက်စ်သည် ပြီးခဲ့သည့် ဇန်နဝါရီ ဈေးကွက်တွင် စန့်ခ်တိုဆန်ကို ပေါင် ၂၇ သန်း၊ သီယိုဝဲလ်ကော့ကို ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူပြီး ရလဒ်ကောင်းများပြန်ရယူကာ အမှတ်ပေးဇယား အလယ်နားသို့ ပြန်လည်တက်လှမ်းလာနိုင်ဖွယ်ရှိနေသည်။ တန်ကြေးအကြီးဆုံးအသင်းများထဲတွင် ဘာစီလိုနာက ပေါင် ၆၃၁ သန်းဖြင့် စတုတ္ထနေရာ၊ ချယ်လ်ဆီးက ပေါင် ၅၂၄ သန်းဖြင့် ပဉ္စမနေရာ၊ ရီးယဲလ်က ပေါင် ၄၃၉ သန်းဖြင့် ဆဋ္ဌမနေရာတို့၌ အသီးသီးရပ်တည်နေသည်။ **Ref:Dailymail**

www.facebook.com/themyawadydaily



# တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲများ သတ္တမနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၇၃)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၂၅)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲ သတ္တမနေ့ (၈)အဆင့်ပြိုင်ပွဲများကို ယနေ့တွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပပြုလုပ်သည်။

ဦးစွာ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)တပ်ခွဲစစ်တီးဝိုင်းအသင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)တပ်ခွဲစစ်တီးဝိုင်းအသင်း၊ အမှတ်(၆)စစ်အခြေခံလေ့ကျင့်ရေးတပ်ကိုယ်စားပြုစစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၁)တပ်ခွဲစစ်တီးဝိုင်းအသင်းနှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)တပ်ခွဲစစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြသည်။ စာမျက်နှာ ၁၇ ကော်လံ ၃



နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)တပ်ခွဲစစ်တီးဝိုင်းအသင်း ယှဉ်ပြိုင်စဉ်။

အာဆီယံတက္ကသိုလ်များအားကစားပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲအတွက် မြန်မာပိုက်ကျော်ခြင်းအဖွဲ့၏ လေ့ကျင့်မှုကာလကို ပြောင်းလဲသတ်မှတ် စာ-၁၀ သို့

သာပေါင်းမြို့နယ်နှင့် ငပုတောမြို့နယ်တို့၌ ဘောလုံးအဖွဲ့ချုပ်များဖွဲ့စည်း စာ-၁၀ သို့

## သင့်မိသားစုအားလုံး ရောဂါဘယကင်းဝေးစေရန် အဆီအအိမ့်၊ အငန်လျှော့စားပါ။




# လူဦးရေ ၃၄၆၆ ဦးဖြင့်ပုံဖော်ခဲ့သော မြန်မာနိုင်ငံမြေပုံကို ဂင်းနစ်အဖွဲ့က ကမ္ဘာ့စံချိန်သစ်အဖြစ်သတ်မှတ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၂ ရက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့က မကွေးမြို့ ခရိုင်အားကစားကွင်း၌ လူဦးရေ ၃၄၆၆ ဦးဖြင့်ပုံဖော်ခဲ့သည့် မြန်မာနိုင်ငံမြေပုံကို ဂင်းနစ်အဖွဲ့က ကမ္ဘာ့စံချိန်သစ်အဖြစ် သတ်မှတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်သည့် Telenor Myanmar က ဦးဆောင်ပြီး မကွေးမြို့မှ ဒေသခံပြည်သူများ၊ တက္ကသိုလ်အသီးသီးမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာနိုင်ငံမြေပုံကိုပုံဖော်ပြီး ကမ္ဘာ့စံချိန်ချိုးရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ စတုရန်းပေ ၂၄၈၀၄ အကျယ်ရှိသည့် မြန်မာနိုင်ငံမြေပုံ ပုံဖော်ခြင်းနှင့်ပတ်သက်ပြီး ကမ္ဘာ့စံချိန်ချိုးနိုင်ခြင်း ရှိ၊ မရှိကို ၄၈ နာရီအတွင်း ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီးနောက် ဂင်းနစ်အဖွဲ့က ကမ္ဘာ့စံချိန်သစ်တင်ကြောင်း အသိအမှတ်ပြုလိုက်ခြင်းဖြစ်သည်။

မူလတင်ထားသည့် ကမ္ဘာ့စံချိန်က ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် လူဦးရေ ၈၁၁ ယောက်ဖြင့် အာဖရိကတိုက်မြေပုံကို ပုံဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Telenor Myanmar က ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ လူဦးရေ ၃၄၆၆ ဦးဖြင့် မြန်မာနိုင်ငံမြေပုံ ပုံဖော်၍ ကမ္ဘာ့ဂင်းနစ်စံချိန်တင်နိုင်ရန် ကြိုးပမ်းမှုတစ်ရပ်ပြုလုပ်ခြင်းကို ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၃၇၅)



ဓာတ်ပုံ - Telenor Myanmar

မောင်တောမြို့နယ်၊ မောင်နီကျေးရွာအတွင်း မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ စာ-၁၅ သို့

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်း၌ တစ်ရက်အတွင်း ဆိုင်ကယ်နှင့်ကား မျက်နှာချင်းဆိုင်တိုက်မှု နှစ်ကြိမ်ဖြစ်ပွားကာ လူသုံးဦးသေဆုံး စာ-၂၅ သို့

ဝါးဖောင်ကိုစစ်ဆေးရာ တရားမဝင်ကျွန်းပကာသစ်များ သိမ်းဆည်းရမိ စာ-၂၅ သို့

# ONE Championship ပြိုင်ပွဲ ရွှေခါးပတ်အတွက် ပြိုင်ဘက်၏ဇာတိမြေတွင် ယှဉ်ပြိုင်ရမည်ကို ဘရာဇီးနိုင်ငံသား Machado စိတ်အားတက်ကြွ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့တွင် မကြာမီကျင်းပမည့် ONE Championship ပြိုင်ပွဲ၌ ကမ္ဘာ့ချန်ပီယံ (ONE Light Heavyweight World Championship) ယှဉ်ပြိုင်ထိုးသတ်မည့် ဘရာဇီးနိုင်ငံသား Alexandre "Bebezao" Machado သည် မြန်မာနိုင်ငံမှ ကိုယ်ခံပညာသိုင်းပေါင်းစုံကစားသမား အောင်လအန်ဆန်၏ ဇာတိမြေတွင် ယှဉ်ပြိုင်ထိုးသတ်ရမည့်အတွက် စိတ်အားတက်ကြွလျက်ရှိကြောင်း သိရသည်။

Machado သည် ပြည်ပပွဲစဉ်ငါးပွဲအနက် လေးပွဲအနိုင်ရရှိခဲ့သူဖြစ်ကြောင်း၊ ယခုအခါ ဒေသခံပရိသတ်များ၏အားပေးမှုကိုရရှိထားသည့် ပြိုင်ဘက်၏ ဇာတိမြေ မြန်မာနိုင်ငံတွင် ယှဉ်ပြိုင်ထိုးသတ်ရခြင်းသည် ၎င်းအတွက် ပထမဦးဆုံးအကြိမ်ဖြစ်ကြောင်း၊ Machado သည် ကမ္ဘာ့ချန်ပီယံခါးပတ်လုပွဲအတွက် အောင်လအန်ဆန်နှင့် ငါးချီတိုင်တိုင် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ကာ ဤအခွင့်အရေးသည် ၎င်းအနေဖြင့် ကမ္ဘာ့အဆင့်မီ ကိုယ်ခံပညာသိုင်းပေါင်းစုံကစားသမားကောင်းတစ်ယောက်အဖြစ် သက်သေပြနိုင်မည့်အခွင့်အရေးဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အားလုံးကအားပေးချစ်ခင်ကြတဲ့ အောင်လအန်ဆန်လိုမျိုး ချန်ပီယံတစ်ယောက်နဲ့ထိုးသတ်ရမှာဖြစ်ပေမယ့် ကျွန်တော်လုံးဝမတုန်လှုပ်မိပါဘူး။ စာမျက်နှာ ၁၇ ကော်လံ ၁

www.facebook.com/themyawadydaily